၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.834, October 2, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## တွေ့ဆုံဆွေးနွေးရေး အကြမ်းမဖက်ရေး မူပေါ် အခိုင်အမာရပ်ပြီး ပြောင်းသာပြင်သာ အနေအထား ဆက်လုပ်သွားမယ်လို့ ၂၃ နှစ်မြောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နှစ်ပတ်လည်နေ့မှာ ဒေါ်အောင်ဆန်းစုကြည် ပြောဆို

**VOA ၊ စက်တင်ဘာ ၂၇ ။** ။ တွေ့ဆုံဆွေးနွေးရေးနဲ့ အကြမ်းမဖက်ရေးလမ်းစဉ်တွေဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ရဲ့ မူတွေဖြစ်ပြီး ဒီမူတွေပေါ်မှာ အခိုင်အမာ ရပ်တည်ပြီးတော့ ပြောင်းသာပြင်သာရှိတဲ့ အနေအထားနဲ့ ဆက်လုပ်သွားမယ်လို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောလိုက်ပါတယ်။ NLD ကိုတည်ထောင်ခဲ့တဲ့ ၂၃ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားမှာ အဲဒီလို ပြောခဲ့တာပါ။

NLD ကို စပြီး ထူထောင်ခဲ့ကတည်းက တွေ့ဆုံဆွေးနွေးရေးနဲ့ အဖြေရှာမယ်၊ အကြမ်းမဖက်တဲ့ လမ်းစဉ်ကို သွားမယ်ဆိုပြီးတော့ ဆုံးဖြတ်ခဲ့ပြီး အဲဒါတွေဟာ မူတွေဖြစ်ပြီးတော့ ဒီမူတွေအတိုင်း မားမားမတ်မတ်ရပ်တည်သွားမယ်လို့ ဒေါ်အောင်ဆန်းစုကြည်ကပြောပါတယ်။ ဒါပေမဲ့လည်း ဒီမူကို တရားသေ ဆုပ်ကိုင်ထားတာမျိုးမဟုတ်ဘဲ ပျော့ပျော့ပြောင်းပြောင်းနဲ့ ဆက်လုပ်သွားမှာပါလို့ NLD ရုံးချုပ်မှာ ကျင်းပတဲ့ အခမ်းအနားမှာ ဒေါ်အောင်ဆန်းစုကြည်က ပြောခဲ့ပါတယ်။

"ဒီမူပေါ်မှာရပ်တည်ပြီးတော့ ကျမတို့ကနေပြီးတော့ ပြောင်းသာပြင်သာရှိတဲ့ အနေအထားမှာ အမြဲ ကျမတို့နေသွားမှာ ဖြစ်ပါတယ်။ ဒီလိုဒီအတိုင်း ဘယ်တော့မှ မပြောင်းမလဲ လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်တွေ ကျမတို့ မထားပါဘူး။ ဒါပေမဲ့လည်း ကျမတို့က မူတော့ရှိရမယ်။ မူတွေပေါ်မှာရပ်တည်ပြီးတော့ တရားမှာလည်း တရားဆိုတာ ရှိတာပဲ၊ဒီတရားပေါ်မှာရပ်တည်ပြီးတော့ အနိစ္စကိုလက်ခံရသလို ကျမတို့က ကျမတို့ရဲ့ မူတွေပေါ်မှာ ဒီမိုကရေစီရရှိရေးအတွက် ကျမတို့ ကိုင်ဆုပ်ထားတဲ့မူတွေပေါ်မှာရပ်တည်ပြီးတော့ ပျော့ပျော့ပြောင်းပြောင်းနဲ့ ကျမတို့ ဆက်ပြီးတော့ လုပ်သွားမှာဖြစ်ပါတယ်။"

ပြည်သူလူထုအနေနဲ့လည်း လုပ်ရပ်တွေအပေါ် မေးခွန်းထုတ်ကြဖို့ ဒေါ်အောင်ဆန်းစုကြည်ကတိုက်တွန်းခဲ့ပါတယ်။ လုပ်သမျှငြိမ်ခံနေတာမျိုးမဟုတ်ဘဲ ဘာမှပြန်မလုပ်သည့်တိုင်အောင် ပထမဆုံးအနေနဲ့ မေးခွန်းတော့ ထုတ်ရမယ်လို့ဆိုပါတယ်။ မေးခွန်းထုတ် ပြီးတော့မှမေးခွန်းရဲ့အဖြေအရ လုပ်သင့်လုပ်ထိုက်တာကို လုပ်ရမယ်လို့ဆိုပြီး NLD အနေနဲ့လည်း အရေးကြီးတဲ့ကိစ္စတွေ လုပ်တော့မယ်ဆိုရင် လူထုကို ရှင်းမပြဘဲ လုပ်မှာမဟုတ်ဘူးလို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။

"ကျမတို့ ဘာလုပ်လုပ် တကယ် အဓိကကျတဲ့ အရေးကြီးတဲ့ ခြေလှမ်းတွေ ကျမတို့လှမ်းပြီဆိုလို့ရှိရင် ကျမတို့ အဖွဲ့ချုပ်ဝင်တွေနဲ့ပြည်သူလူထုကို မရှင်းပြဘဲနဲ့ ကျမတို့ ဘယ်တော့မှမလုပ်ပါဘူး။ ဒါဟာ ဒီမိုကရေစီတာဝန်တခုပါ။ ဒီမိုကရေစီလမ်းကို ဆက်ပြီးတော့ လျှောက်သွားတဲ့အခါမှာ ခြေလှမ်းအသစ်တခု လှမ်းရင်းလှမ်းရင်း ကျမတို့ရဲ့ အဖွဲ့ချုပ်ဝင်တွေနဲ့ ကျမတို့ရဲ့ ပြည်သူလူထုကို ကျမတို့ ဘယ်လိုကြောင့် ဒီလိုဆုံးဖြတ်ရပါတယ်ဆိုတာ ကျမတို့ ရှင်းသွားမှာဖြစ်ပါတယ်။"

၁၉၈၈ ခုနှစ် ဒီမိုကရေစီရေး လူထုအုံကြွမှုကို စစ်တပ်က အင်အားသုံး ဖြိုခွင်းအပြီး စက်တင်ဘာလ ၁၈ ရက်မှာ နိုင်ငံအာဏာကို သိမ်းယူခဲ့ပြီးတဲ့နောက် နိုင်ငံရေးပါတီတွေ ထူထောင်ခွင့် ပြုခဲ့တဲ့ အချိန်မှာ NLD ပါတီကို တရားဝင်ထူထောင်ခဲ့တာပါ။ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ NLD ပါတီကို လူထုက အပြည့်အဝ ထောက်ခံမဲပေးခဲ့တာကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာအများစုကို အနိုင်ရခဲ့ပေမဲ့ အဲဒီအချိန် စစ်ကောင်စီက အာဏာလွှဲပြောင်းမပေးခဲ့ပါဘူး။ ၉၀ ရွေး

စာမျက်နှာ ၂ သို့

မြစ်ဆုံရေကာတာစီမံကိန်း ရပ်ဆိုင်းကြောင်း သမတ သဝဏ်လွှာပေးပို့ စာမျက်နှာ ၃

အမျိုးသားဒီမိုကရေစီ အဖွဲ့ ချုပ် ပါတီအနေနှင့် တရားဝင်မှတ်ပုံတင်ရေး မျှော်လင့် စာမျက်နှာ ၆

နိုင်ငံရေးအကျဉ်းသားတွေ လွတ်လာတော့မည်လော စာမျက်နှာ ၈

ပိတ်ဆို့ မှုတွေ ရုတ်သိမ်းပေးဖို့ မြန်မာနိုင်ငံခြားရေးဝန်ကြီး ကုလမှာတောင်းဆို စာမျက်နှာ ၁၂

ဧရာဝတီ မြစ်ဆုံရေကာတာစီမံကိန်း ဒဂုန်တာရာ လေးနက်စွာ ကန့် ကွက် စာမျက်နှာ ၁၆

ကရင်အမျိုးသားအစည်းအရုံးက ပြည်ထောင်စုအစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးလို စာမျက်နှာ ၁၉

VOB အာဘော်

# ရာသက်ပန် ရပ်ဆိုင်းသင့်

ပြည်သူ့သဘောထားအတိုင်း မိမိတို့အစိုးရလက်ထက်တွင် မြစ်ဆုံရေကာတာစီမံကိန်းကို ရပ်ဆိုင်းထားတော့မည်ဟု သမ္မတဦးသိန်းစိန်မှ ၂၉.၉.၂၀၁၁ – သောကြာနေ့ ကျင်းပဆဲလွှတ်တော်သို့ ပေးပို့သည့်သဝဏ်လွှာတွင် ပြောဆိုလိုက်သည်။

မိမိ၏လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီး ယခုလိုပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်သည့် သမ္မတကြီးအား အထူးကျေးဇူးတင် လေးစားသည်၊ ပြည်သူများ၏ လိုလားချက်ကို လိုက်လျောသည့်အနေဖြင့် ဆုံးဖြတ်လိုက်သည်ဆို၍ ပိုလေးစားမိသည်။ သမ္မတသည် ပြည်သူ့အသံကို နားထောင်ရမည်ဖြစ်သည်။ ပြည်သူများ၏စိုးရိမ်ကြောင်းကြမှုတွေကို လေးလေးနက်နက်နားထောင်၍ ယခုလိုဆုံးဖြတ်လိုက်သည်ကို ကြိုဆိုသည်။

သဝဏ်လွှာတွင်“ဖြစ်ဆုံသဘာဝအလှပျက်စီးခြင်း၊ မြစ်ညှာဒေသရေမြုပ်၍ ဒေသခံများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပျက်စီးခြင်း၊ ပုဂ္ဂလငွေကြေးဖြင့် စီးပွားဖြစ်စိုက်ပျိုးနေသည့် ရော်ဘာနှင့်စိုက်ခင်းများပျက်စီးနိုင်ခြင်း၊ ရာသီဥတုဖောက်ပြန်ပါက ဆည်ပျက်စီး၍ ဆည်အောက်ပိုင်း မြို့ရွာနှင့် ပြည်သူလူထုအများအပြား သေကြေပျက်စီးခြင်းနှင့် ရောဝတီမြစ်ပျက်စီးနိုင်ခြင်း”များကို ပြည်သူများစိုးရိမ်နေကြသည်ကို သမ္မတကြီးမှသိရှိနားလည်ပြီး ယခုလိုဆုံးဖြတ်လိုက်ခြင်းဖြစ်သည်ဟု ဆို၏။

ပြည်သူလူထုကြီးမှ ကျယ်ကျယ်လောင်လောင် တောင်းဆိုသံများထွက်လာပြီးနောက် ယခုလို သမ္မတကြီးမှ ရဲရင့်ပြတ်သားသည့် ဆုံးဖြတ်ချက်ချလိုက်ခြင်းဖြစ်သည်။ ဤဆုံးဖြတ်ချက်သည် သမ္မတကြီးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ တွေ့ဆုံဆွေးနွေးမှုမှ ရလဒ် တခုဟုယူဆသည်။ မြန်မာနိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကြိုးပမ်းနေသူများနှင့် ဒီမိုကရေစီရေးလှုပ်ရှားဆောင်ရွက်နေသူများ၏ ကြီးမားသည့်အောင်မြင်မှုတခုဖြစ်သည်။ ပြည်သူများလိုလားနေသည့် ကျန်ရှိသော လူ့အခွင့်အရေးကိစ္စများကို ဒီမိုကရေစီနည်းအရ အရပ်သားအစိုးရထံကို ဆက်လက်တောင်းဆိုရမည်။ နိုင်ငံရေးအကျဉ်းသားများကို ချွင်းချက်မရှိ လွှတ်ပေးရေးတောင်းဆိုရမည်။ ပြည်တွင်းစစ်ရပ်စဲရေး တောင်းဆိုရမည်။ သမ္မတအနေဖြင့် အသိဉာဏ်နှင့် ဆင်ချင်တုံတရားလက်ကိုင်ထားပြီး အမြော်အမြင်ကြီးစွာဖြင့် ပြည်သူများ၏တောင်းဆိုချက်များကို လိုက်လျောမည်ဟု ယုံကြည်သည်။

အမေရိကန်ဒေါ်လာ ၃.၆ ဘီလီယံ ကုန်ကျမည့် ဖြစ်ဆုံရေကာတာစီမံကိန်းကို ၂၀၀၆ ခုနှစ်တွင် စာချုပ် ချုပ်ဆိုခဲ့ပြီး တရုတ်နိုင်ငံမှ ဦးဆောင်တည်ဆောက်နေခြင်းဖြစ်သည်။ စီမံကိန်းပြီးပါက ထွက်ရှိလာ မည့်လျှပ်စစ်မဂ္ဂါဝပ် ၆၀၀၀ ပမာဏမှ ၉၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံမှ ရယူသုံးစွဲမှာဖြစ်သည်။ မြန်မာနိုင်ငံမှ ၁၀ ရာခိုင်နှုန်းမျှသာ ရရှိခံစားရမည်ဖြစ်သည်။ ရရှိမည့်အကျိုးကျေးဇူးနှင့် ပျက်စီးဆုံးရှုံးမှုပမာဏများစွာ ကွာမှုတွေကြောင့် မလုပ်သင့်ကြောင်း အများပြည်သူမှတောင်းဆိုခဲ့ကြခြင်းဖြစ်သည်။

အရင်းအနှီးများစွာကုန်ကျမည့် ဤမျှကြီးမားကျယ်ပြန့်သော ရေကာတာစီမံကိန်းကြီးကို ယာယီရပ်ဆိုင်းခြင်းမျိုးမဟုတ်ပဲ ထာဝရပ်ဆိုင်းရန် တောင်းဆိုပါသည်။ လေးနှစ်သမ္မတသက်တမ်းအတွင်း ရပ်ဆိုင်းထားမည်ဆိုသည့်သဘောသည် နောင်တက်လာမည့်အစိုးရမှ ဆက်လုပ်မည်သဘောနားလည်ပါသည်။ ဤကဲ့သို့ မဖြစ်သင့်ပေ၊ ရာသက်ပန်ရပ်ဆိုင်းမှသာ ပြည်သူလူထုကြီးမှ စိတ်ရောကိုယ်ပါ စိတ်ချလက်ချ စိတ်ချမ်းသာစွာဖြင့် နေနိုင်ကြမည်ဖြစ်သည်။ ပြည်သူ့ဆန္ဒသဘောထားကိုလေးစားလိုက်နာသည့် သမ္မတကြီးအား အထူးလေးစား ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

---

**မျက်နှာဖုံးမှ**

ကောက်ပွဲမှာ လူထုရဲ့ထောက်ခံမှု အခိုင်အမာရခဲ့တာဟာ ၂၃ နှစ်တာကာလအတွင်း အကြီးမားဆုံး အောင်မြင်မှုဖြစ်မယ်လို့ ဆိုနိုင်ကြောင်း NLD ပြောရေးဆိုခွင့်ရှိသူ ဦးအုန်းကြိုင်က ပြောပါတယ်။

“အကြီးမားဆုံးအောင်မြင်မှုကတော့ ၁၉၉၀ ပြည့်နှစ် ရွေးကောက် ပွဲမှာ ပြည်သူတရပ်လုံးက ဒီမိုကရေစီ ဖော်ဆောင်ပေးဖို့အထွေထွေအတွင်းရေးမှူး ခေါင်းဆောင်တဲ့ အဖွဲ့ချုပ်ကို တာဝန်ပေးခံရတဲ့၊ အဲဒီ တခဲနက်ဆန္ဒပေးထားတဲ့ ရွေးကောက်ပွဲ အောင်ပွဲ၊ နောက်အထွေထွေအတွင်းရေးမှူးပြောတဲ့ မိန့်ခွန်းထဲမှာလည်းပါပါတယ်။ အဖွဲ့ချုပ်ဟာ အခြေအနေအမျိုးမျိုးမှာ ပြောင်းလဲလာတဲ့ အခြေအနေသစ်ကို မှန်မှန်ကန်ကန်သုံးသပ်ပြီးတော့ အသစ်အဖြစ် ပြောင်းလဲ မှုတွေကိုလည်း လက်ခံရဲတဲ့သတ္တိနဲ့ ဆက်လက်ပြီးတော့ ကျနော်တို့ကြိုးပမ်းသွားဖို့ သန္နိဋ္ဌာန်ချနိုင်တာ အဲဒါတွေဟာ ထူးခြားတဲ့ အောင်မြင်မှုတွေလို့ကျနော် တို့ အဲဒီလို ပြောချင်ပါတယ်။”

NLD ဟာ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်ခင် ပါတီကို တရားဝင်မှတ်ပုံပြန်တင်ဖို့ ငြင်းဆန်ခဲ့ပြီး ရွေးကောက်ပွဲမဝင်ဖို့လည်း ဆုံးဖြတ်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ပါတီတရားဝင်ရပ်တည်ရေးကိစ္စကို ဥပဒေကြောင်းအရ ရင်ဆိုင်ခဲ့ပေမဲ့ မြန်မာနိုင်ငံတရားရုံး အဆင့်ဆင့်က ပယ်ချထားပါတယ်။ ဒါကြောင့်လည်း ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကို တင်ပြဖို့ ပြင်ဆင်နေပါတယ်။ အဲဒီ ကာလတွေအတွင်း လက်ရှိမြန်မာအစိုးရပြည်ထဲရေးဝန်ကြီးကပါတီရဲ့နိုင်ငံရေးလုပ်ဆောင်မှုတွေနဲ့ပတ်သက်ပြီး သတိပေးတာကို ခံခဲ့ရပါသေးတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ ဝန်ကြီးဦးအောင်ကြည်တို့ တွေ့ဆုံဆွေးနွေးခဲ့အပြီး နောက်ဆုံး သမ္မတဦးသိန်းစိန်နဲ့ပါ တွေ့ဆုံခဲ့ပြီးချိန်မှာတော့ NLD ရဲ့ နိုင်ငံရေးလုပ်ငန်းတွေနဲ့ပတ်သက်လို့ အာဏာပိုင်တွေဘက်က ပြောဆိုတာတွေ ထပ်မကြားရတော့ပါဘူး။

ရန်ကုန်မြို့၊ ရွှေဂုံတိုင်က ပါတီရုံးချုပ်မှာလုပ်ခဲ့တဲ့ ဒီကနေ့အခမ်းအနားကိုတော့ နိုင်ငံခြားသံတမန်အချို့ အပါအဝင် ၉၀ ရွေးကောက်ပွဲဝင် တိုင်းရင်းသား နိုင်ငံရေးပါတီတွေ၊ ဝါရင့် နိုင်ငံရေးသမားကြီးတွေ တက်ရောက်ခဲ့ကြပေမဲ့ လက်ရှိမြန်မာအစိုးရ အဖွဲ့ကို ရော ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီတွေကိုရော ဖိတ်ကြားတာမျိုး မရှိခဲ့ဘူးလို့ ဦးအုန်းကြိုင်က ပြောပါတယ်။

# မြစ်ဆုံရေကာတာစီမံကိန်း ရပ်ဆိုင်းကြောင်း သမ္မတသဝဏ်လွှာပေးပို့

**VOA ၊ စက်တင်ဘာ ၃၀ ။** ။ ကန့်ကွက်သံတွေ ကျယ်ကျယ်လောင်လောင်ထွက်ပေါ်နေတဲ့ ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းကို ရပ်ဆိုင်းဖို့ သမ္မတဦးသိန်းစိန်က လက်ရှိအစည်း အဝေးကျင်းပနေတဲ့လွှတ်တော်ကို ဒီကနေ့ သဝဏ်လွှာပေးပို့လိုက်ပါတယ်။ ဒီလိုရပ်ဆိုင်းလိုက်တဲ့ ဆုံးဖြတ်ချက်ကိုတော့အများက ကြိုဆိုခဲ့ကြသလို ဧရာဝတီမြစ်ရှင်သန်ရေးအတွက်ဆိုရင် စက်ယန္တရားတွေအသုံးပြုပြီး ရွှေတူးဖော်တာတွေနဲ့ သစ်တော ပြုန်းတီးနေရတာတွေကို ဆက်လက်တားဆီးဖို့ လိုအပ်နေတယ်လို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူတွေက ပြောပါတယ်။ ဒီအကြောင်း အပြည့်အစုံကိုထိုင်းအခြေစိုက်သတင်းထောက် ကိုမိုးဇော်ကတင်ပြ ထားပါတယ်။

အခုလို မြစ်ဆုံ ဆည်စီမံကိန်းကို ရပ်ဆိုင်းမှာဖြစ်တဲ့အကြောင်း သမ္မတဦးသိန်းစိန်ရဲ့ သဝဏ်လွှာကို လွှတ်တော်အစည်းအဝေးတွေ စတင်ချိန်မှာ သက်ဆိုင်ရာ အမျိုးသားနဲ့ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌတွေက ဖတ်ကြားပြခဲ့တာဖြစ်ပါတယ်။ သမ္မတရဲ့ သဝဏ်လွှာမှာ မြစ်ဆုံစီမံကိန်းနဲ့ပတ်သက်ပြီး ထည့်သွင်း ပြောကြားခဲ့တာကိုတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဖြစ်တဲ့ ဦးဖုန်းမြင့်အောင်က အခုလိုပြန်လည်ပြောပြပါတယ်။

“မြစ်ဆုံစီမံကိန်းက အဓိကကတော့ ပြည်သူလူထုဘက်က မြစ်ဆုံစီမံကိန်းနဲ့ပတ်သက်ပြီး စိုးရိမ် ကြောင့်ကြမှုတွေ ရှိပါတယ်ပေါ့လေ။ ဒါကြောင့် မြစ်ဆုံစီမံကိန်းကို လက်ရှိ အစိုးရလက်ထက်မှာ သူတို့အစိုးရလက်ထက်မှာ ရပ်ဆိုင်းထားပါမယ်တဲ့။”

သမ္မတက မြစ်ဆုံစီမံကိန်း ရပ်ဆိုင်းတယ်ဆိုတာကို လက်မခံတဲ့ ကိုယ်စားလှယ်တွေရှိရင်တော့ လွှတ်တော်တွင်းမှာအဆိုတင် ဆွေးနွေးရဖို့ရှိနေပြီး လက်ရှိအခြေအနေမှာတော့ ကိုယ်စားလှယ်အများစုက လက်ခံကြတဲ့အခြေအနေရှိတယ်လို့လည်းပြောပါတယ်။

သဝဏ်လွှာမှာပါဝင်တဲ့ အခြားအချက်တွေကတော့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးနေတာ၊ အကျဉ်းသားတွေ လွှတ်မြောက်ရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ဆောင်ရွက်မယ်ဆိုတာနဲ့ တိုင်းပြည်တည်ငြိမ်ရေးဆိုင်ရာအချက်တွေ ပါဝင်တယ်လို့ ပြောပါတယ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က သူ့အစိုးရလက်ထက်မှာ မြစ်ဆုံဆည် တည်ဆောက်ရေးကို ရပ်ဆိုင်း လိုက်တဲ့အပေါ် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် လူအများက ကြိုဆိုခဲ့ကြပါတယ်။ ရေကာတာစီမံကိန်း တည်ဆောက်မယ့် ဒေသမှာရှိတဲ့ ကချင်လွတ်လပ်ရေးအဖွဲ့ရဲ့ ဒုဥက္ကဋ္ဌဟောင်း ဒေါက်တာတူးဂျာက ဒါဟာ ဒီမိုကရေစီလမ်းကြောင်းကိုလျှောက်လှမ်းနေတယ်ဆိုတာ သက်သေပြလိုက်တာဖြစ်တယ်လို့ ပြောပါတယ်။

“လူထုအားလုံးလိုလိုပေါ့ဗျာ။ ဒီချိန်ခါမှာ ဒီဟာကို ရပ်တန့်သင့်တယ်လို့ သဘောထားပေးလာကြတယ်လေ။ ပြောဆိုလာ ကြတယ်ဆိုတော့ ဒါကတော့ ဆက်မလုပ်သင့်ဘူးလို့ ကျနော်တို့လည်း မြင်တယ်လေ။ ဒါကြောင့်မို့ သမ္မတကြီးအနေနဲ့ ပြည်သူလူထုရဲ့ သဘောထားဆန္ဒကို အလေးထားတဲ့အနေနဲ့ အခုလို ရပ်တန့်ထားလိုက်တယ်ဆိုတာ အင်မတန်ကောင်းတဲ့ဟာဖြစ်ပါတယ်။ ဒါ ဒီမိုကရေ စီလမ်းကြောင်းကို တကယ် လျှောက်လှမ်းနေပါတယ်ဆိုတာကို သက်သေသာကေ ပြလိုက်တဲ့သဘောလည်းဆောင်တယ်။ ဒါကြောင့်မို့လို့ ကျနော်တို့အနေနဲ့ကတော့ အင်မတန်ဝမ်းသာတယ်။ ကြိုဆိုတယ်။ အားလုံးကလည်း ကြိုဆိုကြလိမ့်မယ်ဝမ်းသာကြလိမ့်မယ်လို့ ကျနော်ယုံကြည်ပါတယ်။”

ဒေါက်တာတူးဂျာက လက်ရှိအစိုးရအနေနဲ့ အများပြည်သူတွေလိုလားနေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ဖို့နဲ့ နိုင်ငံရေးပြဿနာတွေကို သွေးထွက်သံယိုနည်းနဲ့မဖြေရှင်းဖို့ အကြံပြုထားပါတယ်။ FREDA ခေါ် သယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းရဲ့ ဒုဥက္ကဋ္ဌ ဦးအုန်းကလည်းမြစ်ဆုံဆည်တည်ဆောက်ရေး ရပ်ဆိုင်းလိုက်တာကို ကြိုဆိုကြောင်း အခုလို ပြောပါပါတယ်။

“၂၀၁၁ ခုနှစ်ရဲ့ အကောင်းဆုံး မင်္ဂလာအရှိဆုံး သတင်းပဲ။ ကမ္ဘာ့ဆည်တွေကို watchလုပ်တဲ့အဖွဲ့ကြီးကပေ၅၀လောက်ရှိတဲ့ဆည်ဆိုရင် သဘာဝဝန်းကျင် မထိခိုက်ဘူးတဲ့။ ဒီထက်ကြီးတဲ့ ဆည်အမြင့်ဆိုရင် သဘာဝဝန်းကျင်ကို ထိခိုက်တယ်တဲ့။ အဲဒီတော့ ဆည်ကြီးတစ်ခုတည်း မဆောက်ဘဲနဲ့ ပေ ၅၀၊ ၆၀ လောက်ရှိတဲ့ ဆည်တွေ အများကြီးဆောက်မယ်ဆိုရင် သဘာဝဝန်းကျင်လည်းမထိခိုက်ဘူး။ ကိုယ်လိုချင်တဲ့ ရေအားလျှပ်စစ်လည်းရမယ်။ အဲဒါ အဖြေပဲလေ။”

တဆက်တည်းမှာပဲ ဦးအုန်းက ဧရာဝတီမြစ် ဆက်လက်ရှင်သန်ဖို့အတွက် အခုလို ဆက်လက်အကြံပြုထားပါတယ်။

“ဧရာဝတီတို့ ချင်းတွင်းတို့မှာ ရွှေထွက်တော့ အခုဟာက တနေ့ကို ရွှေပိဿာ ၃၀ လောက်ရအောင် တူးနေကြတာ။ အဲဒီလို စီးပွားရေးသောင်းကျန်းတဲ့သူတွေကို ရပ်တန်းက ရပ်ရမယ်။ ရွှေတူးတဲ့အခါမှာ မာကျူရီ သုံးတယ်။ ဆိုင်ယာနိုက်သုံးတယ်။ မြစ်ရေကို အဆိပ်ဖြစ်တယ်။ ငါးတွေ၊ ပုဇွန်တွေ၊ လိပ်တွေ၊ လင်းပိုင်တွေ အကုန်သေကုန်တယ်။ ရွှေတူးတဲ့အခါမှာ တောင်တွေပြိုတယ်။ မြစ်ကြောင်းတွေလည်း အမျိုးမျိုးပျက်စီးသွားတယ်။ အဲဒါတွေကို ရပ်ရမယ်။”

ဒ့ါအပြင် မြေဆီလွှာမပျက်စီးအောင် သစ်တောထိန်းသိမ်းဖို့ မြစ်ကမ်းတလျှောက် တည်ဆောက်ထားတဲ့ စက်ရုံအလုပ်ရုံတွေက စွန့်ပစ်ပစ္စည်းတွေကို စနစ်တကျထိန်းသိမ်းဖို့နဲ့ ကမ်းပါးမပြိုအောင် သဲတူးကျောက်တူးတာတွေကိုလည်းစနစ်တကျဆောင်ရွက်ဖို့ကိုလည်းအကြံပြုထားပါတယ်။ ဒေါ်လာသန်းပေါင်း ၃,၆၀၀ တန်ဖိုးရှိတဲ့မြစ်ဆုံဆည်စီမံကိန်းကို မြန်မာအစိုးရနဲ့ တရုတ်အစိုးရပိုင် China Power Investment Corporation တို့က ၂၀၀၇ ခုနှစ်က စတင်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ မြစ်ဆုံဆည်ဟာ အမြင့်ပေ ၅၀၀ ကျော်ရှိမှာ ဖြစ်ပါတယ်။ ဆည်တည်ဆောက်ပြီးစီးသွားရင် ရေလွှမ်းမိုးမယ့်ဧရိယာဟာ စတုရန်းမိုင် ၄၅၀ ကျော်ရှိပြီး ဒါဟာ ရန်ကုန်မြို့ထက် နှစ်ဆမက ကြီးတယ်လို့ ခန့်မှန်းကြပါတယ်။

ဆည် တည်ဆောက်မယ့်နေရာဟာ စစ်ကိုင်းလျှောင် ပြတ်ရွေ့ကြောနဲ့လည်း ဆက်စပ်နေတာဖြစ်ပြီး လျှောင်ကြောင့် ဆည်ကို ထိခိုက်မယ်ဆိုရင် ဆည်အောက်ဘက်မှာရှိတဲ့ သန်းနဲ့ချီတဲ့ပြည်သူတွေအတွက် စိုးရိမ်စရာလည်းရှိနေတာဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာအခြေ စိုက်လှုပ်ရှားနေတဲ့ မြန်မာ့မြစ်ကြောင်းများ စောင့်ကြည့်ရေးကွန်ယက် အဖွဲ့ကတော့ တရုတ်အစိုးရကုမ္ပဏီ CPI ကလည်း မြစ်ဆုံစီမံကိန်း အပါအဝင်

**စာမျက်နှာ ၅ သို့**

# လွတ်လပ်ခွင့်အကြောင်း ( စတုတ္ထ–ပိုင်း )

ဒေါ်အောင်ဆန်းစုကြည်က ဘီဘီစီ Radio 4 ရဲ့ ၂၀၁၁ ခုနှစ် Reith Lectures အစီအစဉ်မှာ လွတ်လပ်ခွင့်အကြောင်း ဟောပြောချက် စတုတ္ထပိုင်းကို ဖော်ပြလိုက်ပါတယ်။

ကမ္ဘာတဝှမ်းလုံးက လူသားတွေရဲ့ လွတ်လပ်ချင်တဲ့ လိုအင်ဆန္ဒကို အရှေ့အလယ်ပိုင်းဒေသမှာ ဖြစ်ပေါ်တဲ့ စိတ်လှုပ်ရှားဖွယ်ရာ အခြေအနေတွေက ကျမတို့ကို ပြလိုက်ပါပြီ။

မြန်မာပြည်သူတွေပါတခြားတိုင်းပြည်တွေကပြည်သူတွေလိုဘဲ ဒီအခြေအနေ အဖြစ်အပျက်တွေကြောင့် စိတ်လှုပ်ရှားကြပါတယ်။ ကျမတို့ရဲ့ စိတ်ဝင်စားမှုက အထူးသဖြင့် ထက်သန်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ (Tunisia) နိုင်ငံမှာဖြစ်ခဲ့တဲ့ ၂၀၁၀ ဒီဇင်ဘာတော်လှန်ရေးနဲ့ ကျမတို့ရဲ့ ၁၉၈၈ အုံကြွမှု ဒီနှစ်စုမှာ မှတ်သားလောက်စရာ တူညီချက်တွေရှိနေလို့ဖြစ်ပါတယ်။ နှစ်ခုစလုံးဟာ ဖြစ်တဲ့အချိန်မှာ အသေးအဖွဲ့ အရေးမကြီးလို့ထင်ရတဲ့ အဖြစ်အပျက်တွေကစခဲ့ပါတယ်။

(Tunisia) နိုင်ငံက မြို့တမြို့မှာ သစ်သီးရောင်းတဲ့ ဈေးသည်တယောက်ဟာ အခြေခံလူ့အခွင့်အရေးတွေရဲ့ အရေးကြီးပုံကို မေ့နိုင်လောက်စရာမရှိအောင်ပြသခဲ့တာ ကမ္ဘာတဝှမ်းကမသိခဲ့ပါဘူး။ သာမန်ယောက်ျားတယောက်ကလဲဘဲ သူ့ရဲ့ဂုဏ်သိက္ခာ ပိုင်ဆိုင်ခွင့်ဟာ သူ့အဖို့ အသက်ထက်ပင်လျှင် ပိုပြီး တန်ဘိုးရှိကြောင်းကို တလောကလုံးသိအောင် ပြသခဲ့ပါတယ်။ ဒီကိစ္စဟာ တော်လှန်ရေးကြီး တခုလုံးဖြစ်ပေါ်လာစေတဲ့ အကြောင်းရင်းဖြစ်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ရန်ကုန်မြို့က လက်ဖက်ရည်ဆိုင်တဆိုင်မှာ တက္ကသိုလ်ကျောင်းသားတွေနဲ့ ရပ်ကွက်ထဲကလူတွေ ရန်ပွဲဖြစ်တဲ့ကိစ္စမှာ ကျောင်းသားတွေရဲ့အမြင်အားဖြင့် မတရားဘူးလို့ယူဆတဲ့ နည်းလမ်းတွေကိုသုံးပြီး ရဲအဖွဲ့က ပြဿနာကို ကိုင်တွယ်ခဲ့ပါတယ်။ ဒါကိုအကြောင်းပြုပြီး ဆန္ဒပြပွဲတွေပေါ်ပေါက်ခဲ့ရာမှာ (ဖုန်းမော်) အမည်ရှိတဲ့ ကျောင်းသားတယောက် သေဆုံးရတဲ့အဖြစ်ထိအောင် ရောက်သွားခဲ့ပါတယ်။ ဒီအဖြစ် အပျက်ဟာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီရဲ့ အာဏာရှင်စနစ်ကို ကန့်ကွက်တဲ့ ပြည်လုံးကျွတ်ဆန္ဒပြပွဲတွေကို ပေါ်ပေါက်စေခဲ့တဲ့ အကြောင်းရင်း ဖြစ်ပါတယ်။

တခါတုန်းကမိတ်ဆွေတယောက်ပြောဖူးတာရှိပါတယ်။ ကုလားအုတ်ရဲ့ကျောရိုးကို ကျိုးစေခဲ့တဲ့ ကောက်ရိုးဟာ သည်းမခံနိုင်လောက်အောင်လေးလံလာခဲ့တယ်ဆိုတာ ကုလားအုတ်ကြီးက မှန်ထဲမှာ သူ့ကိုယ် သူမြင်သွားလို့ ဖြစ်မယ်လို့ သူထင်တဲ့အကြောင်း ပြောပါတယ်။ သယ် ပိုးနေရတဲ့ ဝန်ထုပ်ဝန်ပိုးကြီးဟာ လက်မခံနိုင်လောက်အောင်ကြီး မားနေတယ်ဆိုတာကို ကုလားအုတ်ကြီး သိမြင်သွားလို့ဖြစ်မယ်၊ သူ ခွေလဲ သွားတယ်ဆိုတာကလည်း အမှန်မှာ ဒါလောက် လေးလံလွန်းလှတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို ဆက်လက်ပြီးတော့ သယ်ပိုးနေဖို့ ငြင်းဆန်လိုက်တဲ့ သဘောဖြစ်မယ်လို့ သူထင်တဲ့အကြောင်းပြောပါတယ်။

(Tunisia)မှာရော မြန်မာနိုင်ငံမှာရော လူထုခံစားနေရတဲ့မတရားမမျှတမှုနဲ့ဖိနှိပ်ချုပ်ချယ်မှု ဝန်ထုပ်ဝန်ပိုးကြီးတွေဟာ ခံနိုင်စွမ်းမရှိအောင် ဘယ်လောက်ကြီးမားနေတယ်ဆိုတာ ပြည်သူတွေသိမြင်သွားအောင် လူငယ်နှစ်ယောက်တို့ရဲ့ သေဆုံးမှုတွေက မှန်ထောင်ပြီးပြသခဲ့ပါတယ်။ လူငယ်တွေဟာ လွတ်လပ်မှုကို အလွန်အမင်း လိုချင်ကြတယ်ဆိုတာ သဘာဝတရားဖြစ်ပါတယ်။ စုံလင်လာတဲ့အတောင်သစ်တွေကို ဖြန့်ချင် ဆန့်ချင်တဲ့ဆန္ဒဟာ သူ့အလိုလိုဖြစ်ပေါ် လာတာနဲ့အမျှ ခွန်အားလဲဘဲ ကြီးမားပါတယ်။ (Tunisia) တော်လှန်ရေးမှာ လူငယ်တွေ ရှေ့တန်းက ထွက်ကြတယ်ဆိုတာ မြန်မာနိုင်ငံက ကျမတို့အဖို့ အံ့သြဖွယ်ရာမဖြစ်ပါဘူး။ သူတို့ရဲ့ ဘဝနေထိုင်မှုပုံသဏ္ဍာန်ကို သူတို့ဖာသာ ဆုံးဖြတ်ခွင့်ပေးပါဆိုပြီး တောင်းဆိုခဲ့ကြသူတွေအထဲမှာ ပရိသတ်ကြိုက်တဲ့ (Rap) အဆိုတော်တယောက် ထင်ထင်ရှားရှား ပါဝင်ခဲ့တယ်ဆိုတာကလည်း အံ့သြဖွယ်ရာမဖြစ်ပါဘူး။

ဒီနေ့ မြန်မာနိုင်ငံမှာ (Rap) အဆိုတော် လူငယ်တွေဟာ Generation Wave) (မျိုးဆက်သစ်လူငယ်) အဖွဲ့ရဲ့အဓိက မဏ္ဍိုင်ဖြစ်ပါတယ်။ ဒီအဖွဲ့ဟာ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးအတွက် ထက်ထက်သန်သန် ဦးတည်ဆောင်ရွက်နေပြီး ပါတီသဏ္ဍာန်မဟုတ်တဲ့ အဖွဲ့တခုဖြစ်ပါတယ်။ သူတို့အထဲက တချို့ဟာ ရဟန်းသံဃာတော်တွေရဲ့ရွှေဝါရောင်တော်လှန်ရေး နောက်ပိုင်းမှာ ထောင်သွင်း အကျဉ်းချခံခဲ့ရပါတယ်။ သူတို့အထဲက ၁၅ ယောက်လောက်ဟာ ဒီကနေ့ ထောင်ထဲမှာ ရှိနေဆဲဖြစ်ပါတယ်။ မြန်မာအာဏာပိုင်တွေဟာ အခု ဖြုတ်ချခံခဲ့ရတဲ့ (Tunisia) အစိုးရလိုဘဲ စိတ်နေစိတ်ထားပြင်းပြတဲ့ ရိုးရာဓလေ့ မလိုက်နာဘဲ လူငယ်တွေကိုမကြိုက်ပါဘူး။

ကျတို့ရဲ့နိုင်ငံမှာ သူတို့ချမှတ်ပေးချင်တဲ့ စနစ်ပုံစံကို ဒီလူငယ်တွေက အန္တရာယ်ပေးမှာလို့ အာဏာပိုင်တွေက မြင်ပါတယ်။ လွတ်လပ်မှုကို ယုံကြည်သူတွေအဖို့ကတော့ (Rap) အဆိုတော် လူငယ်တွေဟာ အယူသည်း အစွဲအလန်းတို့၊ အာဏာပြပြီး ချမှတ်တဲ့ စည်းမျဉ်း စည်းကမ်းတို့၊ ဖိနှိပ်ချုပ်ချယ်မှုတို့၊ မတရား မမျှတမှုတို့ရဲ့ အနှောင်အဖွဲ့ကင်းရှင်းတဲ့ အနာဂတ်ကို ပိုင်ဆိုင်သူတွေဖြစ်ပါတယ်။ (Tunisia) နဲ့ မြန်မာနိုင်ငံတို့ရဲ့ တူညီချက်တွေဟာ လွတ်လပ်မှုကို တမ်းတကြတဲ့ ကမ္ဘာတဝှမ်းလုံးက ပြည်သူတွေကို အညီအညွတ်ဖြစ်စေတဲ့ တူညီချက်တွေဖြစ်ပါတယ်။

ပထမဆုံး မတူညီတဲ့အချက်က (Tunisia) စစ်တပ်ဟာ သူတို့ရဲ့ ပြည်သူတွေကို သေနတ်နဲ့မပစ်ခတ် မနှိမ်နင်းခဲ့ခြင်း၊ မြန်မာစစ်တပ်ကတော့ ပစ်ခတ်နှိမ်နင်းခဲ့ခြင်းဆိုတဲ့ အချက်ဖြစ်ပါတယ်။

ဒုတိယလည်းဖြစ် ရေရှည်မှာ ပိုပြီးအရေးကြီးဖွယ်ရာလည်းရှိတဲ့ အချက်က (Tunisia) တော်လှန်ရေးဟာ ဆက်သွယ်မှုတော်လှန်ရေးရဲ့ အကျိုးကျေးဇူးကို ခံစားခဲ့ရခြင်းဖြစ်ပါတယ်။ ဒီအချက်ကြောင့် သူတို့ဟာ သူတို့ရဲ့ဖွဲ့စည်းလှုပ်ရှားမှုတွေကို ပိုပြီးခရီးရောက်အောင် စည်းရုံး

**စာမျက်နှာ ၅ သို့**

**စာမျက်နှာ ၄ မှ**

ဆောင်ရွက်တာတို့ညှိနှိုင်းဆောင်ရွက်တာတို့ကိုလုပ်နိုင်ခဲ့ရုံမျှမကသေးဘဲနဲ့ ကမ္ဘာတဝှမ်းလုံးရဲ့ အာရုံကလည်း ဘယ်လိုမှမလွင့်ဘဲ သူတို့ရဲ့အပေါ်မှာ စူးစိုက်နေခဲ့ပါတယ်။

သေဆုံးမှုတခုဖြစ်တိုင်းသာလျှင်မဟုတ်ပါဘူး ဒဏ်ရာရမှုတခုဖြစ်တိုင်းပင်လျှင် အဖြစ်အပျက်ကို မိနစ်ပိုင်းအတွင်း ကမ္ဘာသိအောင် ဆောင်ရွက်နိုင်ပါတယ်။ Libya နိုင်ငံမှာရော၊ (Syria) နိုင်ငံမှာရော၊အခု ဆိုလို့ရှိရင် Yemen နိုင်ငံမှာရော တော်လှန်ရေးသမားတွေဟာ အာဏာရှိသူတွေရဲ့ ရက်စက်တဲ့အပြုအမူတွေကို ကမ္ဘာသိအောင် အသိပေးနေပါတယ်။ (Syria) နိုင်ငံမှာ အသက် ၁၃ နှစ် ယောကျ်ားလေးတယောက်သေသွားတဲ့အထိ ညှဉ်းပမ်းနှိပ်စက်ခံရတဲ့ ပုံကို မြင်ရသူတွေမှာ ဒေါသအမျက်ခြောင်းခြောင်း ထွက်ကုန်ကြတဲ့အတွက် ကမ္ဘာ့ခေါင်းဆောင်ကြီးတွေကိုယ်တိုင် ပြစ်တင်ရှုတ်ချ ပြောခဲ့ကြရပါတယ်။

ဆက်သွယ်ရေးစနစ်ဟာ လူချင်း အဆက်အသွယ်ကို ဖြစ်စေပါတယ်။ အရှေ့အလယ်ပိုင်းဒေသက တော်လှန်ရေးတွေနဲ့ဆက်စပ်ပြီး ပြောရမယ်ဆိုရင် အဲဒီအဆက်အသွယ်ဟာ လွတ်လပ်မှုအတွက် အဆက်အသွယ်ဖြစ်ခဲ့ပါတယ်။ (Tunisia)နဲ့ (Egypt)နိုင်ငံတွေကပြည်သူတွေကို ကျမတို့ အားကျပါသလားလို့မေးရင် ဟုတ်ကဲ့ သူတို့ဆီမှာ လျှင်လျှင်မြန်မြန် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အပြောင်းအလဲတွေ ဖြစ်ကုန်တာကို ကျမတို့အားကျပါတယ်။ ဒါပေမယ့် အားကျစိတ် ထက်ပိုတာက စည်းလုံးတဲ့စိတ် လည်းဖြစ်ပါတယ်။ ကျမတို့ ဆောင်ရွက်နေတဲ့ နိုင်ငံရေးအတွက် အားသစ်လောင်းပြီးသစ္စာပြုတဲ့ စိတ်လည်းဖြစ်ပါတယ်။ ဒီအရေးဟာ လူသားရဲ့ဂုဏ် သိက္ခာနဲ့လွတ်လပ်မှု ကို တန်ဘိုးထားကြတဲ့ အမျိုးသမီး အမျိုးသားအားလုံးတို့ရဲ့ အရေးဖြစ်ပါတယ်။

ကျမတို့ဟာ လွတ်လပ်မှုကိုရှာဖွေတဲ့အခါမှာ လွတ်လပ်တဲ့စိတ်ကို မွေးမြူတတ်လာပါတယ်။ ကျမတို့ဟာ လွတ်လပ်မှုကို ယုံကြည်ပြီး ယုံကြည်တဲ့အတိုင်း ပြုမူနေထိုင်ရပါတယ်။ ဒါဟာ Vaclav Havel ရဲ့ ( Living in Truth ) ( အမှန်တရားနှင့်အညီ နေထိုင်ခြင်း ) လမ်းစဉ်ဖြစ်ပါတယ်။ လွတ်လပ်မှုမရှိတဲ့ နိုင်ငံ တနိုင်ငံမှာ လွတ်လပ်မှုရှိတဲ့ ပြည်သူတွေကဲ့သို့ နေထိုင်ကြည့်ခြင်းအားဖြင့် ကြုံတွေ့ရနိုင်တဲ့ အန္တရာယ်တွေ ရှိ သော်လဲဘဲ ကျမတို့ဟာ မိမိသဘော မိမိဆန္ဒအတိုင်း မိမိတို့ရဲ့ တာဝန်တွေကို ထမ်းဆောင်ကြပါတယ်။

ကျမတို့ဟာမှန်ကန်တယ်လို့ကျမတို့ယူဆတဲ့အရာကိုလုပ်ကိုင်ဖို့ ရွေးချယ်ခြင်းအားဖြင့် ကျမတို့ရဲ့ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ကို သုံး စွဲပါတယ်။ အဲဒီလို ရွေးချယ်မှုကြောင့် တခြား လွတ်လပ်ခွင့်တွေကို ကန့်သတ်ချုပ်ချယ်ခြင်းခံရတဲ့အထိရောက်သွားသည့်တိုင်အောင်ပင်လျှင် ဒီရွေးချယ်ပိုင်ခွင့်ကို သုံးစွဲတာပါ။ ဘာကြောင့်လဲဆိုတော့ လွတ်လပ်မှုဟာ နောက်ထပ်လွတ်လပ်မှုတွေကို ဖြစ်ပေါ်စေတယ်လို့ကျမတို့ယုံကြည်လို့ဖြစ်ပါတယ်။ (NLD)အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဌာနချုပ်မှာ အခကြေးငွေမရဘဲ လာရောက်ပြီး အလုပ် လုပ်ကိုင်ပေးကြတဲ့ အဖွားအိုအမယ်အိုတွေနဲ့လူငယ်လူငရွယ်တွေဟာလွတ်လပ်မှုဆီကိုသွားရာ လမ်းကြမ်းကြီးကို ရွေးချယ်ခွင့်ဆိုတဲ့ သူတို့ရဲ့ အခွင့်အရေးကို သုံးစွဲနေကြတာပါ။

အခု မိတ်ဆွေတို့ကို ကျမ စကားပြောနေတဲ့အခါမှာ ကျမဟာ လွတ်လပ်စွာ ဆက်သွယ်ခွင့်ဆိုတဲ့ ကျမရဲ့ အခွင့်အရေးကို သုံးစွဲနေတာပါ။ နောက်ပြီး ဒီအခွင့်အရေးကို ကျမ သုံးစွဲနေတယ်ဆိုတဲ့ အချက်ကိုကပင်လျှင် ကျမရဲ့စိတ်မှာ အများကြီး ပိုပြီးလွတ်လပ်တဲ့ လူတယောက်အဖြစ်ကို ခံစားရစေပါတယ်။ နိုင်ငံရေးဟာ လုပ်ကိုင်သူရဲ့ စိတ်နေ စိတ်ထားနဲ့ သင့်လျော်လျောက်ပတ်လို့ လုပ်ကိုင်ရတဲ့အလုပ်မျိုးဖြစ်တယ်ဆိုတဲ့ Max Weber ရဲ့ အယူအဆအတိုင်း ပြောရမယ်ဆိုရင် အစိုးရဝါဒသဘောမတူတဲ့ လုပ်ငန်းဟာ အဲဒီအလုပ်မျိုးဖြစ်ပါတယ်။

ကျမတို့ဟာလွတ်လပ်ခွင့်အကျိုးကိုမျှော်ကိုးပြီးတော့အစိုးရဝါဒသဘောမတူတဲ့ အလုပ်ကို လုပ်ကိုင်ကြပါတယ်။ ကျမတို့ဟာ တချို့သူတွေအဖို့ မဖြစ်နိုင်ဘူးဆိုတဲ့ အသွင်ပေါက်နိုင်တဲ့ ရည်မှန်းချက်ကို ရောက်ဖို့အတွက်အရေးကြီးနဲ့ အရေးမကြီးတာ ခွဲခြားဉာဏ် ရှိရှိနဲ့ရော ထပ်ခါတလဲလဲ ကြိုးစားအားထုတ်ဖို့ အသင့်ရှိပါတယ်။ ကျမတို့ဟာ ကျမတို့လိုချင်တဲ့ လွတ်လပ်မှု ရည်မှန်းချက်ကို လက်တွေ့ အကောင်အထည်ဖြစ်လာအောင် ဆောင်ရွက်ဖို့အတွက် ရင်ဆိုင်ရမယ့်အခြေအနေတွေကို မြင်နေလျှက်နဲ့ခက်ခက်ခဲခဲ ကြိုးပမ်းနေကြတာဖြစ်ပါတယ်။ ကျမ ဒီဟောပြောချက်ကို Kipling ရဲ့ ကဗျာထဲက ကျမအကြိုက်ဆုံး စာကြောင်းကလေးတွေနဲ့နိဂုံးချုပ်ပါရစေ။ ဒီစာကြောင်းကလေးတွေကို ကျမအတွက်ရှာဖွေပေးတဲ့ Tim Garton-Ash ကိုလည်းကျေးဇူးအများကြီး တင်ပါတယ်။

" ဧကရာဇ် တပါး အခန်းနေရာ၊ ငါပေးမည် မဟုတ်ပါ။
ဘုရင်တပါး ကြွမြန်း အလာ၊ ငါ့လမ်းငါ သိမ်းပိုက်ထားမှာ။
သရဖူ သုံးဆင့် အရှင်ကြီး
ငါ ဦးညွှတ်မည် မဟုတ်သတည်း။
သို့ရာတွင် ယခု ဤအရာ
ခြားနားလှပေတော
အာဘော် လေသံ စွမ်းပကား
သူနှင့်ငါ ရန်မပွား။
အစောင့်အကြပ် တံခါးမှူး
သူ့ကို ဝင်ခွင့် ပေးပါ အထူး။
တံတားအရှင် မြောက်၍ထား
အောက်သို့ချပေး လိုက်ပါလား။
သူကား ငါတို့ အားလုံး၏ သခင်
အိပ်မက်မှန် မက်ခဲ့သည့် အိပ်မက်ရှင်။ "

✡✡✡✡✡

**စာမျက်နှာ ၃ မှ**

မေခနဲ့ မလိခမြစ်ပေါ်က ရေကာတာ စီမံကိန်း ၇ ခုကိုရပ်ဆိုင်းကြောင်း တရားဝင် သတင်းထုတ်ပြန်ပေးဖို့ တောင်းဆိုထားပါတယ်။

တရုတ်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ပုံမှန်သတင်းစာရှင်းလင်းပွဲမှာ ပြောခွင့်ရအမျိုးသမီးဟုန်လီကမြစ်ဆုံဆည်စီမံကိန်းရပ်ဆိုင်းမယ်ဆိုတဲ့ သတင်းကို လေ့လာဆန်းစစ်ဖို့ လိုအပ်နေသေးတယ်လို့ ဖြေကြားထားပါတယ်။

ဒီကနေ့ လွှတ်တော်မှာဖတ်ကြားတဲ့ သမ္မတရဲ့ သဝဏ်လွှာမှာတော့တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ချုပ်ဆိုထားတဲ့မြစ်ဆုံဆည်စီမံကိန်းဆိုင်ရာ စာချုပ်စာတမ်းတွေကို နှစ်နိုင်ငံ မိတ်မပျက်စေဘဲ သဘောတူညှိနှိုင်းဆောင်ရွက်မှာဖြစ်ကြောင်း ဖော်ပြထားပါတယ်။

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီအနေနှင့် တရားဝင်မှတ်ပုံတင်ရေး မျှော်လင့်

**VOA၊ စက်တင်ဘာ ၂၈။** ။ မြန်မာ့နိုင်ငံရေး လုပ်ငန်းစဉ်တွေမှာ အားလုံးပါဝင်ခွင့် ရစေဖို့ နိုင်ငံတကာ အသိုင်းအဝန်းက လိုလားနေတဲ့ တချိန်တည်းမှာပဲ မြန်မာနိုင်ငံမှာ အဓိက နိုင်ငံရေး အင်အားစုဖြစ်တဲ့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပါတီ အနေနဲ့ တရားဝင် မှတ်ပုံ တင်နိုင်ရေးကို မျှော်လင့်နေပါတယ်။ အစိုးရသစ် တက်လာချိန်ကစလို့ အပြောင်းအလဲတွေ လုပ်သွားမယ်လို့ ကတိပေးထားတဲ့အတိုင်းအစိုးရ သစ် အကောင်အထည်ဖော်တဲ့ နေရာမှာ တချိန်ကရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ NLD လို ဒီမိုကရေစီလိုလားတဲ့ နိုင်ငံရေးအင်အားစုတွေ ကို ဘေးဖယ်မထားဖို့ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အသိုင်း အဝိုင်းကလည်း လိုလားနေကြတာပါ။ အပြည့်အစုံကို ဆက်သွယ်စုံ စမ်းထားတဲ့ ကိုအောင်လွင်ဦးက တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံမှာ အစိုးရသစ်တရပ်အဖြစ် ထွက်ပေါ်လာတဲ့ ရွေး ကောက်ပွဲမှာ မှတ်ပုံတင်ပါဝင်တာတွေ မလုပ်ဖို့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပါတီက ဆုံးဖြတ်ထားပေမဲ့ တိုင်းပြည်မှာပြန်လည် သင့်မြတ်ရေးအတွက် နိုင်ငံရေးပါတီတခုအဖြစ် တရားဝင် အသိအမှတ် ပြုလက်ခံဖို့လိုမယ်လို့နိုင်ငံတကာအသိုင်းအဝန်းကမြင်ပါတယ်။ ဗြိတိန် နိုင်ငံရဲ့ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီး မာ့ခ် ဂရန့်တ် (Mark Grant) ကဆိုရင်လည်း နိုင်ငံရေးပါတီ တခုအဖြစ် အစိုးရက အသိအမှတ်ပြုမ ထားတဲ့ NLD ပါတီကို မှတ်ပုံတင်ခွင့်ပေးတာလို အစိုးရဘက်ကဆောင် ရွက်တာတွေ မြင်ချင်တဲ့အကြောင်း ကုလသမဂ္ဂရုံးချုပ်မှာ အင်္ဂါနေ့ နှောင်းပိုင်း ပြုလုပ်တဲ့ အတွင်းရေးမှူးချုပ်ရဲ့ မြန်မာ့မိတ်ဆွေနိုင်ငံများ အဖွဲ့ ဆွေးနွေးပွဲအပြီးမှာ သတင်းထောက်တွေကို ပြောခဲ့တာပါ။

NLD ဗဟိုကော်မတီဝင် တဦးဖြစ်တဲ့ ဦးဉာဏ်ဝင်းကလည်း ဒီလိုအခြေအနေတွေပေါ်ပေါက်လာဖို့ ပါတီအနေနဲ့ မျှော်လင့်နေတဲ့အ ကြောင်း ပြောပါတယ်။

"NLD ပါတီမှတ်ပုံတင်နိုင်မယ့် အခြေအနေတရပ် ဖြစ်ဖို့လိုနေ တယ်လို့ ကျနော်တို့တွက်ထားပါတယ်။ သမ္မတနဲ့ ဒေါ်အောင်ဆန်းစု ကြည်ဆွေးနွေးတဲ့အချက်တွေကိုတော့ကျနော်တို့မသိပါဘူး။ဒါကြောင့် အဲဒီဆွေးနွေးပွဲရဲ့ သူတို့ မျှော်မှန်းထားတာတွေ ဖြစ်ပေါ်လာဖို့ စောင့် မျှော်နေတာ အခု နည်းနည်း နောက်ကျလာပြီဆိုတဲ့ သဘောတော့တွေ့ တယ်။ ဒါကြောင့် တကယ်လို့ NLD ပါတီအနေနဲ့ကတော့ မှတ်ပုံတင် နိုင်မယ့်အခြေအနေတခု ပေါ်ပေါက်လာရင်တော့ ကျနော်တို့ ဒီဟာကို စဉ်းစားဆုံးဖြတ်မှာပါ။ ကြိုတင် ဆုံးဖြတ်ထားတာတော့ မရှိပါဘူး။"

ပြီးခဲ့တဲ့ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလမှာ ကျင်းပတဲ့ရွေးကောက် ပွဲတွေကိုတော့ ဒီမိုကရေစီအခြေခံတွေ ကင်းမဲ့တယ်ဆိုပြီး NLDပါတီ က ပြောဆိုခဲ့သလို မှတ်ပုံမတင်ဘဲ နေခဲ့တဲ့အတွက် တရားဝင်နိုင်ငံ ရေးပါတီတခုမဟုတ်ဘူးဆိုပြီး အာဏာပိုင်တွေက သဘောထားနေကြ တာပါ။ ဒါပေမဲ့လည်း အစိုးရသစ်တက်လာပြီး တဲ့နောက် ပထမဆုံး အကြိမ်အဖြစ် ပြီးခဲ့တဲ့လထဲ သမ္မတ ဦးသိန်းစိန်နဲ့ NLD ပါတီရဲ့ အဓိက ခေါင်းဆောင်တဦးဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ နေပြည်တော်မှာ တွေ့ဆုံခဲ့တာလို ဖြစ်ထွန်းမှုတွေ ရှိလာတဲ့အတွက် အခြေအနေတွေ ပြောင်းလဲလာလေမလား မျှော်လင့်ချက်တွေလည်း ထွက်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။

ကုလသမဂ္ဂ အထွေထွေညီလာခံမှာ မြန်မာ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင် မိန့်ခွန်းပြောရာမှာလည်း မြန်မာနိုင်ငံဟာ ပြုပြင် ပြောင်း လဲရေးလုပ်ငန်းတွေကို လုပ်ဆောင်ဖို့ သန္နိဋ္ဌာန်ချထားသလို ရှေ့ လျှောက်ဆက်လုပ်သွားမှာလည်း ဖြစ်တယ်လို့ ထည့်သွင်း ပြောဆိုသွား တာပါ။ ဒီအတွက်လည်း မကြာခင်မှာ အပြောင်းအလဲတွေဖြစ်လာ လိမ့် မယ်လို့ ဩစတြေးလျား အမျိုးသားတက္ကသိုလ်က ဆေးဘက် ဆိုင် ရာမနုဿဗေဒ ပညာရပ်အတွက် မြန်မာနိုင်ငံမှာ လေ့လာခဲ့ဖူးသူ ပါမောက္ခ မိုနစ်ခ်စကစ်ဒ်မိုး (Monique Skidmore) တို့လို အကဲခတ် တွေက မြင်ပါတယ်။

"မြန်မာအစိုးရက သိပ်စကားပြောလေ့ရှိတာမဟုတ်ပါဘူး။ကုလ သမဂ္ဂမှာလည်း ဒီလိုပြောတတ်တာမဟုတ်ပါဘူး။ ဒီလိုမှတ်ချက်ပေး ပြောဆိုတာတွေဟာ ထူးခြားပါတယ်။"

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း (Ban Ki-moon) ကလည်း အပြောင်းအလဲတွေ ဖြစ်နိုင်တယ်ဆိုတာကို မြန်မာ့ဒီမိုကရေ စီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တခြားလူအများအ ပြားလို သူလည်းယုံကြည်တဲ့အကြောင်း မြန်မာ့မိတ်ဆွေနိုင်ငံများအဖွဲ့ နဲ့ တွေ့ဆုံအပြီးမှာပဲ ကြေညာချက်တစောင်ထုတ်ပြန် ပြောဆိုခဲ့တာပါ။ ဒီလို တိုးတက်မှုတွေ ထွက်ပေါ်နိုင်တဲ့ အလားအလာတွေ ရှိနေပေမဲ့ လည်း တချိန်တည်းမှာ အစိုးရအနေနဲ့ အားလုံးပါဝင်ခွင့်ရှိပြီး နောက် ပြန်ဆုတ်လို့ မရတဲ့ အသွင်ကူး ပြောင်းမှု တွေကို ဆောင်ကြဉ်းပေးမယ့် ပြုပြင်ပြောင်းလဲမှုတွေလည်း လုပ်ရလိမ့် မယ်လို့ အတွင်းရေးမှူးချုပ်ရဲ့ ကြေညာချက်က တိုက်တွန်းထားတာပါ။ ဗဟိုကော်မတီဝင် တဦးဖြစ်တဲ့ ဦးဉာဏ်ဝင်းကတော့ NLD ပါတီအနေနဲ့လည်း အတွင်းရေးမှူးချုပ်နဲ့ တသဘောတည်း ရှိတဲ့အကြောင်း ပြောပါတယ်။

"မစ္စတာ ဘန်ကီမွန်း ပြောတဲ့ဟာကို ကျနော်တို့လည်း သဘော တူပါတယ်။ အခုဟာက ပြည်သူ့လွှတ်တော်နဲ့ အစိုးရသစ်တွေ ဖြစ်ပြီး တဲ့အခါမှာ သမ္မတရဲ့အဖွင့်မိန့်ခွန်းရော၊ ပြီးတော့ ပြောကြားချက်တွေ အရဆိုရင် ပြုပြင် ပြောင်းလဲမှုတွေ လုပ်မယ်။ အခုလုပ်တော့ လုပ်နေ တယ်၊ သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှု မဖြစ်လာသေးဘူး။ ဒါ ကြောင့် မစ္စတာဘန်ကီမွန်းက အမြန်ဆုံးလုပ်ဖို့ တိုက်တွန်းတာကို ကျနော်တို့လည်း ကြိုဆိုပါတယ်။"

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာ့အရေး မိတ်ဆွေများ အဖွဲ့နဲ့ဆွေးနွေးအပြီး မြန်မာနိုင်ငံက အခြေအနေတွေအပေါ် သံတမန် တွေရဲ့ အားမရတဲ့ သဘောထားတွေလည်း ထွက်ပေါ်ခဲ့တာပါ။ မြန်မာ နိုင်ငံလည်းအဖွဲ့ဝင်အဖြစ်ပါဝင်တဲ့အရှေ့တောင်အာရှနိုင်ငံများအသင်း (Asean) ရဲ့ လက်ရှိဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံက နိုင်ငံခြားရေးဝန်ကြီး မာတီ နာတာလီဂါဝါ (Marty Natalegawa)ကလည်း မြန်မာနိုင်ငံမှာ ဖြစ်ထွန်းမှုတွေရှိနေတာကို လက်ခံကြပေမဲ့ ဆွေးနွေးပွဲအတွင်းမှာပါ ဝင်ကြတဲ့ အဖွဲ့ဝင်နိုင်ငံတွေကြား ဒီထက်ပိုပြီး တိုးတက်မှုတွေကို မြင် တွေ့ချင်တဲ့ မျှော်လင့်ချက်တွေ ရှိနေတဲ့အကြောင်း သတင်းထောက် တွေကို ပြောခဲ့တာ ဖြစ်ပါတယ်။

# မြန်မာ့ဒီမိုကရေစီရေး အခြားနိုင်ငံတွေနဲ့ ကနေဒါ ပူးပေါင်းဖိအားပေးမည်

**VOA ၊ စက်တင်ဘာ ၂၈ ။** ။ မြန်မာ့ဒီမိုကရေစီရေးအတွက် ကနေဒါနိုင်ငံအနေနဲ့ မြန်မာနိုင်ငံအပေါ် ပြင်းထန်တဲ့အရေးယူပိတ်ဆို့မှု ချမှတ်ထားသလို၊ အခြားနိုင်ငံတွေနဲ့လည်း မြန်မာ့အရေးအတွက် နီးနီးကပ်ကပ် ဆောင်ရွက်နေတယ်လို့ ကနေဒါနိုင်ငံခြားရေးဝန်ကြီးက အထွေထွေညီလာခံမှာ တနေ့က ပြောပါတယ်

မြန်မာ့ဒီမိုကရေစီရေးအတွက် ကနေဒါနိုင်ငံအနေနဲ့ မြန်မာနိုင်ငံအပေါ် ပြင်းထန်တဲ့အရေးယူပိတ်ဆို့မှု ချမှတ်ထားသလို၊ အခြားနိုင်ငံတွေနဲ့လည်းမြန်မာ့အရေးအတွက်နီးနီးကပ်ကပ်ဆောင်ရွက်နေတယ်လို့ ကနေဒါနိုင်ငံခြားရေးဝန်ကြီးက အထွေထွေညီလာခံမှာတနေ့က ပြောဆိုပါတယ်။ CFOB ကနေဒါအခြေစိုက် မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ကတော့ ကနေဒါအစိုးရပိုင်းအနေနဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေကို စောင့်ကြည့်နေပြီး၊ လက်ဆုပ်လက်ကိုင်အပြောင်းအလဲတွေ မတွေ့ရမချင်းတော့ နစ်ဖက် အဆင့်မြင့်ဆက်ဆံရေးထားမယ့်ပုံမရှိသေးဘူးလို့ပြောပါတယ်။ ကိုသားညွန့်ဦးက စုံစမ်းမေးမြန်းထားပါတယ်။

မြန်မာအစိုးရသစ်အပေါ်မှာ အနောက်နိုင်ငံအတော်များများက သတိတကြီးနဲ့ ပျော့ပျော့ပြောင်းပြောင်း ချဉ်းကပ်လာကြပေမယ့်လို့ ကနေဒါနိုင်ငံကတော့ သိသိသာသာ မူဝါဒပြောင်းတာ မတွေ့ရသေးပါဘူး။ အီးယူ ဉရောပသမဂ္ဂနဲ့ အမေရိကန်ပြည်ထောင်စုတွေဖက်က အဆင့်မြင့်ခေါင်းဆောင်တွေစေလွှတ်ပြီး မြန်မာအစိုးရနဲ့ ဆက်ဆံမှုတွေရှိလာပေမယ့်၊ ကနေဒါနိုင်ငံကတော့ အခြေအနေကို အဝေးကစောင့်ကြည့်နေဆဲလို့ပဲ ဆိုရမှာပါ။

တနေ့ကတော့ ကနေဒါနိုင်ငံခြားရေးဝန်ကြီး John Baird က အထွေထွေညီလာခံမှာ မိန့်ခွန်းပြောတော့၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကိစ္စတွေကို အထူးအလေးပေး ပြောပါတယ်။ အဲဒီမှာ မြန်မာနိုင်ငံနဲ့ပတ်သက်လို့လည်း ထည့်သွင်းပြောသွားပါတယ်။

"မြန်မာ့ ဒီမိုကရေစီရေးနဲ့လူ့အခွင့်အရေးအခြေအနေ တိုးတက်လာစေဖို့အတွက် စိတ်တူကိုယ်တူ နိုင်ငံတွေနဲ့ အနီးကပ် ပူးတွဲဆောင်ရွက်နေပါတယ်။ တချိန်တည်းမှာလဲ မြန်မာစစ်အစိုးရကို ကနေဒါအနေနဲ့ကမ္ဘာပေါ်မှာ အပြင်းထန်ဆုံးအရေးယူပိတ်ဆို့မှုတွေလုပ်ခဲ့ပါတယ်။"

ကနေဒါ နိုင်ငံခြားရေးဝန်ကြီး ပြောသွားတာပါ။ မြန်မာနိုင်ငံတွင်း ဘာသာရေးအရဖိနှိပ်မှုတွေ ခွဲခြားဆက်ဆံမှုတွေ ရှိနေတယ်လို့လည်း ကနေဒါနိုင်ငံခြားရေးဝန်ကြီးက ပြောသွားပါသေးတယ်။အပြင်းထန်ဆုံး အရေးယူမှုမျိုးလို့ဆိုတဲ့နေရာမှာ အမေရိကန် ပြည်ထောင်စုတို့ အီးယူတို့က မြန်မာအပေါ် ချမှတ်ထားတဲ့အရေးယူပိတ် ဆို့မှုတွေထက်ထူးခြားတဲ့အချက်တွေရှိလို့ဖြစ်တယ်လို့ CFOB ကနေ ဒါအခြေစိုက် မြန်မာ့မိတ်ဆွေများအဖွဲ့က ပြောခွင့်ရသူ ကိုတင်မောင်ထူးက ပြောပါတယ်။

"သက္ကရာဇ် ၂၀၀၈ ကနေစပြီးတော့ မြန်မာအလံလွှင့်ထားတဲ့ ဘယ်သင်္ဘောကိုမှ ခွင့်မပေးဘူးဆိုတဲ့အချက်က US နဲ့ ကနေဒါအကြား ကနေဒါဖက်က ပိုပြင်းထန်တဲ့အရေးယူမှုအပိုင်းတွေကိုတွေ့ရတာပါ။ ငွေအပြောင်းအလဲအပြောင်းအရွှေလုပ်တဲ့နေရာမှာလည်းပဲ ကနေဒါကနေ ပိတ်ပင်တာတွေရှိပါတယ်။ ဉပမာ ကနေဒီယန်ပြည်သူတယောက်ပဲဖြစ်ဖြစ် ဒါမှမဟုတ် အဖွဲ့အစည်းတခုခုကပဲဖြစ်ဖြစ် ကုမ္ပဏီတခုပဲ ဖြစ်ဖြစ် မြန်မာပြည်ကို အပြောင်းအရွှေ လုပ်မယ်ဆိုရင် ဒေါ်လာတထောင်ထက်ပိုမယ်ဆိုရင် နိုင်ငံခြားရေးဝန်ကြီးရဲ့ အထူးခွင့်ပြုချက်ကို ယူရမယ့် အနေအထားရှိပါတယ်။"

မြန်မာနဲ့ပတ်သက်လို့အမေရိကန်ကိုယ်တိုင်ကတိုက်ရိုက်ထိစပ်ဆက်ဆံရေးမူဝါဒကို ထည့်ပြီး ကျင့်သုံးလာတယ်၊ အာဆီယံဆိုရင်တော့ ပြောဖွယ်မရှိတော့ဘူးပေါ့၊ ကနေဒါကရော မြန်မာနဲ့ ထိစပ် ဆက်ဆံရေးမူဝါဒ စဉ်းစားချက်ရှိပါသလား။

"အခု နိုင်ငံခြားရေးဝန်ကြီး John Baird တတ်လာတဲ့ အချိန်ကစပြီး သူပြောတဲ့စကားရှိပါတယ်။ ကနေဒါအနေနဲ့လည်း ထိစပ် ဆက်ဆံရေးမူဝါဒလုပ်မယ်၊ တွေ့ဆုံဆွေးနွေးမှု ပြောဆိုမှုတွေလုပ်မယ်။ ဒါပေမယ့်ဒီပြောဆိုမှုဟာ လူ့အခွင့်အရေးကိစ္စအပေါ်မှာသာလျှင်အခြေခံမယ်ဆိုတာကို သူ ရှင်းရှင်းလင်းလင်း ပြောခဲ့တာရှိပါတယ်။"

နိုင်ငံတကာနဲ့ဆက်ဆံရေး မြန်မာအစိုးရဖက်က ဖွင့်လာတာရှိပါတယ်။ အာဆီယံတို့ အာရှတို့နဲ့ဆက်ဆံတယ်၊ အမေရိကန်တို့ ဉရောပတို့နဲ့လည်း ဆက်ဆံရေးလုပ်လာတာရှိပါတယ်။ ကနေဒါဖက်ကရော မြန်မာထိပ်ပိုင်းနဲ့ ဆက်ဆံရေး ဘယ်လိုရှိပါသလဲ။

"တခုရှိတာကတော့ သူတို့လည်း မကျွံချင်ဘူး။ တကယ်အပြောင်းအလဲတွေ မရှိပဲ ဆက်ဆံရေးတွေ လုပ်ခဲ့မယ်၊ ဝန်ကြီးအဆင့်တွေ စေလွှတ်ခဲ့မယ်ဆိုရင် တဖက်မှာ မှားယွင်းတဲ့အဓိပ္ပါယ်တွေ ဖြစ်သွားမှာကိုလည်း သူက စိုးရိမ်တဲ့ လက္ခဏာရှိပါတယ်။"

ကနေဒါနဲ့ မြန်မာအစိုးရအကြား အဆင့်မြင့်ဆက်ဆံရေးမရှိဘူးဆိုပေမယ့် မကြာခင်လပိုင်းတွေအတွင်းကတော့ သံတမန်ဆက်ဆံရေး အနည်းငယ်တိုးလာတယ်လို့ ပြောရမှာပါ။ ကနေဒါဖက်က မြန်မာအစိုးရရဲ့သံအမတ်ကြီး ခန့်အပ်မှုကို လက်ခံခဲ့သလိုပဲ၊ ဘန်ကောက်ကကနေဒါသံအမတ်ကြီးကလည်းမြန်မာနိုင်ငံသွားပြီးအစိုးရခေါင်းဆောင်ပိုင်းတွေနဲ့ တွေ့ဆုံမှုတွေ ရှိခဲ့ပါတယ်။

---

# ဟဇာရီက ဒေါ်စုကို ကျေးဇူးအထူးတင်

**RFA ၊ စက်တင်ဘာ ၂၉ ။** ။ အိန္ဒိယနိုင်ငံမှာ လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေးအတွက် နစ်ကြိမ်တိုင် အစာငတ်ခံ ဆန္ဒပြခဲ့တဲ့ အင်နာ ဟဇာရီဆိုတဲ့ အသက် (၇၄) နစ်အရွယ် လူမှုပြုပြင်ရေးသမားကြီး တစ်ယောက်က သူရဲ့တိုက်ပွဲကို ထောက်ခံအားပေးခဲ့တဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကိုအထူးကျေးဇူးတင်ရှိကြောင်း သူ့ရဲ့ အင်တာနက်ဘလော့ စာမျက်နှာမှာဖေါ်ပြထားပါတယ်။

နိုင်ငံအတွက် ကိုယ်ကျိုးစွန့် ဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံရဲ့ ကြီးမြတ်တဲ့ ဒေါ်အောင်ဆန်းစုကြည်အပေါ် မိမိရဲ့လုပ်ဖေါ်ကိုင်ဘက်တွေ ကိုယ်စားမိမိအနေနဲ့ ကိုယ်တိုင်ကိုယ်ကျ ကျေးဇူး ဉပကာရတင်ရှိကြောင်း ပြောဆိုချင်ပါတယ်လို့ အင်နာဟဇာရီက ရေးသားပါတယ်။

ဟဇာရီဟာ လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေးအတွက် နစ်ကြိမ်တိုင်အစာငတ်ခံဆန္ဒပြခဲ့ရာမှာ အိန္ဒိယတပြည်လုံးက ပြည်သူတွေတခဲနက်ထောက်ခံအားပေးခဲ့ကြပြီး မြို့ကြီးပေါင်း (၄၅၀) ကျော်မှာဆန္ဒပြပွဲတွေ ကူးစက်ပျံ့နှံ့သွားခဲ့ပါတယ်။

အိန္ဒိယ အစိုးရက အင်နာ ဟဇာရီ နဲ့ စေ့စပ် ညှိနှိုင်းပြီး ဟဇာရီရဲ့တောင်းဆိုချက်တွေကို လိုက်လျောခဲ့ပါတယ်။

# နိုင်ငံရေးအကျဉ်းသားတွေ လွတ်လာတော့မည်လော

RFA အသံလွှင့်ဆောင်းပါး

အခုလတ်တလော ရန်ကုန်မြို့မှာ ရှေ့တပတ်အတွင်း အစိုးရက နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးတော့မယ်၊ အနည်းဆုံး နိုင်ငံရေးအကျဉ်းသား တော်တော်များများ ပါဝင်လိမ့်မယ်ဆိုတဲ့ မှန်းဆချက်တွေ ကြီးထွားလို့ လာနေတယ်လို့ သိရပါတယ်။ ဒါပေမယ့် နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ကတော့ နိုင်ငံရေးကိစ္စအပြင် ပိုပြီးတော့ ကျယ်ပြန့်တဲ့ လူ့အခွင့်အရေးကိစ္စတွေအထိ ဇောင်းပေးဆောင်ရွက်သင့်တယ်လို့ ဘန်ကောက်အခြေစိုက် သတင်းထောက် Larry Jagan က ဒီတပတ် RFA ကိုပေးပို့တဲ့ သတင်းဆောင်းပါးမှာသုံးသပ် တင်ပြထားပါတယ်။

လာမယ့်ရက်ပိုင်းအတွင်း နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးတော့မယ့် အရိပ်အရောင်တွေကို သမတဦးသိန်းစိန်အစိုးရက ပြသနေပါတယ်။

အရှေ့ပိုင်းအစိုးရ သတင်းရပ်ကွက်အလိုအရကတော့ ကိုဇာဂနာ အပါအဝင် အနည်းဆုံး နိုင်ငံရေးအကျဉ်းသား နှစ်ရာလောက်လွှတ်မယ်လို့ဆိုပါတယ်။ လက်ရှိကျင်းပနေတဲ့ လွှတ်တော်စည်းဝေးပွဲတွေ အပြီး ရှေ့သတင်းပတ်အစောပိုင်းမှာ အကျဉ်းသားတွေကို စပြီးလွှတ်မယ်လို့ မျှော်လင့်ရပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ်တဲ့ကိစ္စဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အာမခံထားတဲ့ ဦးသိန်းစိန်အစိုးရအတွက် မလုပ်မဖြစ်လိုအပ်တဲ့အဆင့်တခုဖြစ်ပါတယ်။ လွှတ်မယ်ဆိုရင် ကြားဖြတ်ရွေးကောက်ပွဲမတိုင်ခင် နိုဝင်ဘာလထဲမှာ အပြီး လွှတ်ရမှာပါ။ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံခဲ့စဉ်တုန်းက သမတဦးသိန်းစိန်က အဲဒီလို ကတိပေးခဲ့တယ်လို့လည်း နိုင်ငံရေးအကဲခတ်တွေက ယုံကြည်ကြပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေကိုပြန်လွှတ်ရေးကိစ္စဟာလွှတ်တော်နှစ်ရပ်ကို ကျော်ဖြတ်ခဲ့ပြီးမို့ အခုဆိုရင် သမတရဲ့လက်ထဲကို ရောက်လို့နေပါပြီ။ အခြေခံဥပဒေအရ သမတဟာ အမိန့်ဒီကရီတွေကိုဥပဒေအဖြစ်လက်မှတ်ရေးထိုး ထုတ်ပြန်နိုင်တယ်ဆိုပေမယ့် အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီရဲ့ ခွင့်ပြုချက်လိုအပ်ပါတယ်။

ဘာဘဲဖြစ်ဖြစ် ဘယ်တုန်းကမှ ထောင်ထဲကို မရောက်သင့်ကြတဲ့ နိုင်ငံရေးအကျဉ်းသားတွေဟာ မကြာခင်ရက်ပိုင်းအတွင်းမှာဘဲ နရသိန်အကျဉ်းထောင်တွေထဲကနေ သူတို့ရဲ့ပုံမှန် ဘဝတွေထဲကို ထွက်လာကြပါတော့မယ်။ ဒါပေမယ့် နိုင်ငံရေးအကျဉ်းသားတွေကိုပြန်လွှတ်ပေးရာမှာ တခါတည်း အစုလိုက်အပြုံလိုက် ပြန်လွှတ်မှာမဟုတ်ဘဲ အသုတ်လိုက်ခွဲပြီး လွှတ်ဖို့ များတယ်လို့ အစိုးရ အကြီးတန်း အရာရှိများ အသိုင်းအဝိုင်းနဲ့ သံတမန်ရပ်ကွက်တွေက ပြောကြပါ တယ်။

သုံးသုတ်လောက်ခွဲပြီး လွှတ်မှာဖြစ်ပြီး တသုတ်ဆီမှာ အကျဉ်းသား ၁၀၀ ကျော် ပါဝင်မယ်လို့လည်း အရာရှိကြီးတဦးက ဆိုပါတယ်။ အဲဒီအထဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တွေ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေ ပါဝင်ကြမှာ မလွဲပါဘူး။

ဒါပေမယ့် ပြန်လွှတ်မယ့်စာရင်းမှာ ဗိုလ်ချုပ်ခင်ညွန့်ရဲ့ ထောက်လှမ်းရေးအဖွဲ့ဝင်တွေ ပါ မပါကိုတော့ မသိရသေးပါဘူး။ သူတို့အပေါ် နိုင်ငံတကာအသိုင်းအဝိုင်းက သိပ်အာရုံမရှိပေမယ့် သူတို့နဲ့ ဆယ်နှစ်ကျော် တိုက်ရိုက်ထိတွေ့ ဆက်ဆံလာခဲ့ကြတဲ့ အာရှခေါင်းဆောင်တွေနဲ့ သံတမန်တွေကတော့ သူတို့ ပြန်လွှတ်လာတာကို ကြိုဆိုကြမှာပါ။

နိုင်ငံရေးအကျဉ်းသားပြန်လွှတ်ရေးမှာ အစိုးရဘက်က နောက်ပြဿနာတခုက ဝေါဟာရသတ်မှတ်ချက်ကွဲပြားမှုဖြစ်ပါတယ်။ အခုအထိမြန်မာအစိုးရ အဆက်ဆက်ဟာ နိုင်ငံရေးအကျဉ်းသားဆိုတဲ့ အသုံးအနှုန်းကို လက်မခံပါဘူး။ မကြာခင်ရက်ပိုင်းကဘဲ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကုလသမဂ္ဂမှာ အကျဉ်းသားတွေလွှတ်ပေးမယ်လို့ဘဲ ပြောဆိုခဲ့တာပါ။

ဒါပေမယ့် နိုင်ငံရေးအကျဉ်းသား မရှိပါဘူးလို့ နှစ်ပေါင်းများစွာ ငြင်းဆန်ခဲ့တဲ့ အစိုးရဟာ နိုင်ငံရေးအကြောင်းခံနဲ့ ဖမ်းဆီးထိန်းသိမ်းခံရသူတချို့ရှိနေတယ်ဆိုတာကို မသိမသာ လက်ခံခဲ့တာတော့ ရှိပါတယ်။ ရွေးကောက်ပွဲမတိုင်ခင် တနှစ်အလိုက ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာ သောမတ်စ်ကင်တားနား မြန်မာပြည်ကို လာရောက်ခဲ့စဉ်မှာ အဲဒီတုန်းက စစ်အစိုးရတရားရေးချုပ်ကို ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူတွေရှိတယ်ဆိုတာသဘော တူလက်ခံလာအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မကြာခင်က သံတမန်တဦးကလည်း ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်တောင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူတွေလို့ သုံးနှုန်းလာတာကို တွေ့ရကြောင်း ပြောဆိုခဲ့ပါတယ်။ ဒါပေမယ့် အရေအတွက် ပြဿနာကရှိလာပြန်ပါတယ်။ ပြည်ပအဖွဲ့အစည်းတွေက မြန်မာပြည်မှာ နိုင်ငံရေးအကျဉ်းသား ၂၁၀၀ ကျော်ရှိတယ်လို့ဆိုပါတယ်။

ဖမ်းဆီးခံတိုင်းရင်းသားတက်ကြွလှုပ်ရှားသူပေါင်း၃၀၀လောက် ရှိနေပေမယ့် နိုင်ငံရေးအကျဉ်းသား စာရင်းထဲမဝင်ဘဲ ဖြစ်နေတာသာ ကြည့်ပါတော့လို့ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ရဲ့ မြန်မာဆိုင်ရာ သုတေသနမှူး မစ်ချာမီလ်ဇာဝါစကီးလ်က မနေ့ကဘဲ ပြောခဲ့ပါတယ်။

အကျဉ်းသားနဲ့ပတ်သက်ပြီး အထင်ရှားဆုံးအဖွဲ့ဖြစ်တဲ့ AAPP ကတော့ နိုင်ငံရေးအကျဉ်းသားအရေအတွက် ၂၀၀၀ ဝန်းကျင်လို့ ဆိုပါတယ်။ ပြည်ထဲရေးဝန်ကြီး ဦးကိုကို အပါအဝင် အစိုးရဝန်ကြီးတွေကတော့ အဲဒီအရေအတွက်ကို ငြင်းဆိုပြီး ၁၀၀၀ အောက်သာရှိတဲ့အကြောင်း ၁၀၀ ကျော်က ရာဇဝတ်ပြစ်မှုကျူးလွန်သူတွေဖြစ်တယ်လို့ တုန့် ပြန် ပြောဆိုခဲ့ပါတယ်။

တကယ်လို့ အစိုးရက နိုင်ငံရေးအကျဉ်းသားတွေ စပြီး လွှတ်ပြီဆိုရင် နောက်လာမယ့်အဆင့်က လူ့အခွင့်အရေးကျွမ်းကျင်သူတွေဖြစ်တဲ့ ကုလသမဂ္ဂအထူးကိုယ်စားလှယ် အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးတာတွေ လုပ်ရတော့မှာဖြစ်ပြီး နိုင်ငံရေးအကျဉ်းသား၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူ စတာတွေနဲ့ပတ်သက်တဲ့ နိုင်ငံတကာက အဓိပ္ပါယ်သတ်မှတ်ချက်တွေနဲ့ ညီ မညီ ကျန်

**စာမျက်နှာ ၁၀ သို့**




**စက်တင်ဘာ ၂၃၊** Irrawaddy ။ ။ ဧရာဝတီမြစ်အခွန့်ရှည်ရေး ဆည်များမတည်ဆောက်ရေး လှုပ်ရှားမှုများ အဆိုကျော်တီးဝိုင်းများ၊ ကဗျာပညာရှင်များ၊ အင်ဂျီအိုများ အပါအဝင် ရန်ကုန်တဝိုက် ကျင်းပနေ၏။

**စက်တင်ဘာ ၂၅၊** IRIN ။ ။ မြန်မာစစ်တပ်သည် ဂျွန်လတွင် ရှစ်ရက်တာကာလအတွင်း ကချင်အမျိုးသမီးများအပေါ် အဓမ္မပြုကျင့်မှု ၁၈ မှု ရှိကြောင်း၊ တခါတရံ သတ်ပြစ်သည်အထိဖြစ်ကြောင်း လူ့အခွင့်အရေးအဖွဲ့များမှဆို၏။

**စက်တင်ဘာ ၂၆၊** Mainichi Daily ။ ။ ဂျပန်သည် မြန်မာနှင့်ပူးပေါင်း၍ တရုတ်မှ လက်ဝါးကြီးအုပ်နေသော သဘာဝဓါတ်သတ္တုနှင့် ရှားပါးမြေများ ထုတ်လုပ်ရန် စီစဉ်နေကြောင်း။

**စက်တင်ဘာ ၂၆၊** Economist ။ ။ အနောက်တိုင်း၏ မြန်မာအပေါ် ဒဏ်ပေးစနစ်သည် မအောင်မြင်လင့်ကစား မြန်မာအစိုးရသည် ပိတ်ဆို့မှုများရုတ်သိမ်းခြင်း မခံစားသင့်ပေ။

**စက်တင်ဘာ ၂၆၊** Irrawaddy ။ ။ မြစ်ဆုံဆည်ဆန့်ကျင်ရေး ဧရာဝတီမြစ်အခွန့်ရှည်ရေး လှုပ်ရှားမှုများကို အစိုးရသတင်းစာအဖွဲ့ PRSD မှ ပိတ်ပင်ထား၏။

**စက်တင်ဘာ ၂၆၊** Mizzima ။ ။ ငွားရမ်းစဉ် ဝယ်ယူသည့်စနစ်ဖြင့် ပြည်သူများသို့ ဘဏ်များမှ ငွေချေးနိုင်ကြောင်း မြန်မာ၏ ဗဟိုဘဏ်မှ ခွင့်ပြုခဲ့၏။ ချေးယူသူသည် အရစ်ကျ ပြန်ဆပ်ရမည်ဖြစ်ကြောင်း။

**စက်တင်ဘာ ၂၆၊** Mizzima ။ ။ လေးရက်ခန့် ဆက်တိုက် အစိုးရတပ်၏ ထိုးစစ်ကြောင့် အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေး ဆွေးနွေးရန် ပိုခက်ခဲကြောင်း ကေအိုင်အိုမှဆို၏။

**စက်တင်ဘာ ၂၆၊** Mizzima ။ ။ အကြမ်းမဖက်နည်းဖြင့် ဒီမိုကရေစီရရေး ဆက်လက်ကြိုးပမ်းရန် မြန်မာ ဒီမိုကရေစီအင်အားစုသို့ ဒလိုင်းလားမားမှ မြန်မာအဖွဲ့နှင့်တွေ့စဉ် စကားသဝဏ်ပါးလိုက်ကြောင်း။

**စက်တင်ဘာ ၂၆၊** DVB ။ ။ UWSA နှင့်မကင်းပြီး တနှစ်ခန့်ထဲက နားနေသည့် ရန်ကုန်လေကြောင်းသည် ပြန်လည် ပျံသန်းတော့မည်ဖြစ်ကြောင်း။

**စက်တင်ဘာ ၂၆၊** DVB ။ ။ နိုင်ငံရေးအကျဉ်းကျ မသန္တာ (၄၀ နှစ်) သည် ကျောက်ကပ်ရောဂါဖြင့် အသဲအသန်ဖြစ်နေကြောင်း။

**စက်တင်ဘာ ၂၆၊** DVB ။ ။ ICG ၏ မြန်မာအစိုးရသစ်အပေါ် ချီးမွမ်းမှုများ စောလွန်းကြောင်း ကမ္ဘောဇဝင်း ဇော်နေအောင် (Burma Independence Advocates )တို့မှ သတင်းဝေဖန်၏။

**စက်တင်ဘာ ၂၇၊** DVB ။ ။ လွှတ်တော်တွင် အမျိုးမျိုးပြောနေသော်လည်း ကချင်ပြည်နယ်သို့ စစ်တပ်များစွာ စေလွှတ် တိုက်ခိုက်စေသဖြင့် ကချင်တပ်များ ကချင်တိုင်းရင်းသားပြည်သူများအား ကာကွယ်ရန် အခက်အခဲတွေ့နေ၏။

**စက်တင်ဘာ ၂၇၊** AP ။ ။ ဆူးလေဘုရားအနီး ရွှေဝါရောင်တော်လှန်ရေး အထိမ်းအမှတ်ဆန္ဒပြသူ ၆၀ အား လုံခြုံရေး ထရပ်ကား လေးစီးတိုက် စောင့်နေပြီး ဘာမှမလုပ်ကြောင်း။

**စက်တင်ဘာ ၂၇၊** UN ။ ။ မြန်မာ၏ ဒီမိုကရေစီဆိုင်ရာ ပြောင်းလဲမှုများသည် အတည်ဖြစ်ပြီး ပြန်လည်မပြောင်းလဲနိုင်ကြောင်းနှင့် မကြာမီ အကျဉ်းသားများ လွှတ်ပေးမည်ဟု ကုလသမဂ္ဂရောက် မြန်မာနိုင်ငံခြားရေးဝန်ကြီးမှ ဆို၏။

**စက်တင်ဘာ ၂၇၊** WTN ။ ။ မြန်မာတွင် လူ့အခွင့်အရေးဖောက်ဖက်မှုများအား ကုလသမဂ္ဂမှ စုံစမ်းစစ်ဆေးရန် အမေရိကန် ယူအက်စ်ကင်ပိန်း(ဘားမါး) မှ လက်မှတ်ပေါင်း ၁၃၀၀၀ ကျော်ရပြီဖြစ်ကြောင်း။

**စက်တင်ဘာ ၂၇၊** UN NC ။ ။ Groups of Friends on Myanmar ဆွေးနွေးပွဲအပြီး မြန်မာအစိုးရအား ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးများ ဆက်လက်တိုးမြှင့်ပြုလုပ်ရန် ဘန်ကီမွန်းမှ တိုက်တွန်း၏။

**စက်တင်ဘာ ၂၈၊** Japan Times ။ ။ ကုလအစီအစဉ်ဖြင့် ဂျပန်၌ နေထိုင်ခွင့်ရ မြန်မာမှ ဒုက္ခသည် မိသားစု နှစ်စုသည် အလုပ်ချိန်နာရီရှည်ပြီး ပင်ပန်းလွန်းကာ၊ လုပ်ခနည်းသော လယ်စိုက်လုပ်ငန်းကို ဆက်လုပ်ရန် ငြင်းဆိုပြီး တိုကျိုတွင် အလုပ်ရှာနေကြောင်း ဒုက္ခသည်များ၏ရှေ့နေအဖွဲ့မှ ရှေ့နေ ရှောဂို ဝါတာနာဘဲ သတင်းရှင်းပွဲတွင်ဆို၏။

**စက်တင်ဘာ ၂၈၊** Press TV ။ ။ ရွှေဝါရောင်တော်လှန်ရေး အထိမ်းအမှတ်ကို ပြည်ပြေရောက် မြန်မာပြည်မှပြေးလာသော ရဟန်းများ လှုပ်ရှားသူများ၊ ကျင်းပ၏။

**စက်တင်ဘာ ၂၈၊** ND ။ ။ မြန်မာတွင် ထမန်သီ နှင့် ရွှေ(ဇေယျာ) ရေအားလျှပ်စစ် စီမံကိန်း ၂ ခုအတွက် အိန္ဒိယအကြီးဆုံး နိုင်ငံပိုင် ရေအားထုတ်လုပ်သူ NHPC သည် ရှေ့လတွင် အစီရင်ခံစာတင်မည်။

**စက်တင်ဘာ ၂၈၊** Tehelka ။ ။ မြန်မာ၏ ပြည်တွင်းစစ်ကို ဖြေရှင်းရန် တခုတည်းသော နည်းအဖြေသည် ပြည်ထောင်စုစံနစ်ဖြစ်ပြီး လက်ရှိ ဗဟိုမှ အုပ်ချုပ်စံနစ်ကို စွန့်လွှတ်ကာ မြန်မာ၏ နိုင်ငံရေးစနစ်တခုလုံးကို ပြောင်းလဲရမည်ဟု Bertil Lintner မှ ဤသတင်းဌာန မေးမြန်းခန်းတွင်ဆို၏။

**စက်တင်ဘာ ၂၈၊** Irrawaddy ။ ။ လေးရက်တာ မြန်မာတပ်၏ ထိုးစစ်ကြောင့် ကချင်လွတ်မြောက်ရေးတပ် KIA ၏ အမာခံ ကတုတ်စခန်းဖြစ်သည့် ကွတ်ကိုင်မြို့နယ် ကျ၍ ဒေသခံများ ထွက်ပြေးခဲ့ရကြောင်း။

**စက်တင်ဘာ ၂၈၊** Irrawaddy ။ ။ စက်တင်ဘာ ၂၅ တွင် မွန်သူပုန်များနောက်လိုက်သော ခလရ ၂၈၂ ၏ ပစ်ခတ်မှုကြောင့် ရေဖြူမြို့နယ်တွင် အရပ်သား ၂ ဦးအား သေဆုံးခဲ့ကြောင်း။

**စက်တင်ဘာ ၂၈၊** TOKYO ။ ။ ကေအိုင်အို၏ မြစ်ဆုံဆည်အား ဆန့်ကျင်ကြောင်း ကျေညာချက်ကို ဂျပန်ရှိ မြန်မာ့ဒီမိုကရေစီအဖွဲ့ချုပ် (LDB) မှ လက်ခံထောက်ခံကြောင်းဖြင့် ကေအင်ယူသို့ ထောက်ခံစာပို့၏။

**စာမျက်နှာ ၁၃ သို့**

## နိုင်ငံရေးအကျဉ်းသားလွှတ်မြောက်ရေးဆုတောင်းပွဲပြုလုပ်

**RFA ၊ စက်တင်ဘာ ၂၇ ။** ။ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေး အင်္ဂါဝတ်ပြု ဆုတောင်းအဖွဲ့က ဒီနေ့မှာလည်း ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်က တနင်္လာနံထောင့်မှာ ဆုတောင်းပွဲ ပြုလုပ်ခဲ့ကြပါတယ်။

နေ့လည် ၁ နာရီခွဲမှာ စပြီးပြုလုပ်ခဲ့တဲ့ ဒီနေ့ဆုတောင်းပွဲကို ဒေါ်နော်အုန်းလှ၊ ဒေါ်ခင်ဝင်းကြည်၊ ဦးသိန်းအောင်တို့ ဦးဆောင်ပြီး ပါဝင်သူ စုစုပေါင်း အယောက် ၄၀ ကျော်လောက်ရှိတယ်လို့ သိရပါတယ်။ ဒီနေ့ပွဲဟာ အေးအေးချမ်းချမ်း ပြီးဆုံးခဲ့ပေမယ့် အစိုးရလုံခြုံရေးအဖွဲ့ဝင်တွေက ခါတိုင်းထက် ပိုပြီး စောင့်ကြည့်နေခဲ့တယ်လို့ ဒေါ်ခင်ဝင်းကြည်က RFA ကိုပြောပါတယ်။ အခုလိုနိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေး ဆုတောင်း ပွဲတွေ စဉ်ဆက်မပြတ် လုပ်နေတာဟာ အကျဉ်းထောင်ထဲက သူ တွေကို စိတ်ဓာတ်အရ အားပေးတာလို့ ဆုတောင်းပွဲ ဦးဆောင်သူ တစ်ဦးဖြစ်တဲ့နိုင်ငံရေး အကျဉ်းသူဟောင်း နော်အုန်းလှက အခုလို ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးသိန်းစိန် တွေ့တဲ့အပေါ်မှာ တွေ့ဆုံဆွေးနွေးမှုကို ပျက်ပြားစေတယ်လို့ ပြောဆိုတာဟာ တကယ်တွေ့ဆုံဆွေးနွေးမှု အစစ်အမှန်ဆိုရင် ပျက်ပြားစရာ အကြောင်း မရှိပါဘူး။ ထောင်ထဲမှာရှိတဲ့ သူတွေကို အားရှိအောင် လုပ်ပေးတာပဲ ဖြစ်ပါတယ်ရှင့်"

---

# ကျောင်းဆောင်တွေ ပြန်မဖွင့်နိုင်ပါ

**RFA ၊ စက်တင်ဘာ ၂၉ ။** ။ မြန်မာနိုင်ငံမှာ ပိတ်ထားဆဲဖြစ်တဲ့ တက္ကသိုလ်ကျောင်းဆောင်တွေကိုဖွင့်ပေးဖို့ အစီအစဉ်မရှိသေးဘူးလို့ ပညာရေးဝန်ကြီးက အမျိုးသားလွှတ်တော်မှာ မနေ့က ပြောကြားခဲ့တယ်လို့ သိရပါတယ်။

အမျိုးသားဒီမိုကရေစီအင်အားစု NDF အမတ်ဖြစ်သူ ဒေါက်တာမြတ်ဉာဏစိုးက တက္ကသိုလ်ကျောင်းဆောင်တွေကို ပိတ်ထားမယ့် အစားအကျိုးရှိအောင် ကျောင်းသားတွေကို ပြန်လည်နေထိုင်ခွင့်ပေးဖို့ အမျိုးသားလွှတ်တော်မှာ တင်သွင်းခဲ့ရာမှာ ပညာရေးဝန်ကြီးကငြင်းဆိုခဲ့တာ ဖြစ်ပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်က ပြောဆိုခဲ့ကြောင်း၊ သူ ကျောင်းသားဘဝက အဆောင်တွေကို ကွန် မြူနစ်တွေ လာစည်းရုံးပြီး ကျောင်းသားတွေ ဆူပူအောင်လုပ်ကြောင်း၊ လုံခြုံရေးကလာတော့ ကျောင်းသားတွေသာ ခံရပြီး ကွန်မြူနစ်တွေမရှိတော့ကြောင်း၊ အခုလည်း ကျောင်းဆောင်တွေ ထားရင် သူတို့အတွက် အသင့်ဖြစ်သွားမှာဖြစ်လို့ အဆောင်တွေ ပိတ်ထားတာ အကောင်းဆုံးလို့ ပြောသွားတဲ့အကြောင်း အမျိုးသားဒီမိုကရေစီသစ်ပါတီ လွှတ်တော်အမတ် ဦးဖုန်းမြင့်အောင်က ပြောပါတယ်။

ဒါ့အပြင် ပညာရေးဝန်ကြီးက တချို့တက္ကသိုလ်တွေမှာအဆောင် ထားပေးပြီး၊ တချို့ကို မပေးနိုင်ရင် မမျှတရာရောက်မှာ ဖြစ်ကြောင်း၊ မဟာသိပ္ပံနဲ့ မဟာဝိဇ္ဇာတန်း ဘာသာရပ်တွေနဲ့ တက္ကသိုလ် ဆရာတွေ အတွက်ပဲ ကျောင်းဆောင်တွေ ထားပေးနိုင်မှာ ဖြစ်ကြောင်း၊ နိုင်ငံတကာ တက္ကသိုလ်တွေမှာ အဆောင်ထားတဲ့စနစ်မရှိဘူးလို့ ပညာရေးဝန်ကြီးကဖြေဆိုသွားတဲ့အကြောင်းဦးဖုန်းမြင့်အောင်က ပြောပါတယ်။

## ရခိုင် ကမ်းလွန်ထွက် သဘာဝဓာတ်ငွေ့ ဒေသအတွက် သုံးမရ

**DVB ၊ စက်တင်ဘာ ၂၇ ။** ။ ရခိုင်ပြည်နယ် ကမ်းလွန်ဒေသက ထွက်ရှိတဲ့သဘာဝဓာတ်ငွေ့တွေကိုဒေသအကျိုးအတွက်အနည်းငယ်တောင် အသုံးပြုလို့မရဘူးလို့ စွမ်းအင်ဝန်ကြီးက ပြောလိုက်ပါတယ်။ ရခိုင်ပြည်နယ်ကထွက်ရှိတဲ့ သဘာဝဓာတ်ငွေ့တွေကနေဒေသ မီးလင်းရေးအသုံးပြုဖို့ အစီအစဉ်ရှိမရှိ ရခိုင်ပြည်နယ် ကျောက်ဖြူမဲဆန္ဒနယ်က ကိုယ်စားလှယ်ဦးဘရှင်က ပြည်သူ့လွှတ်တော်မှာ ဒီနေ့မေးမြန်းတာကို စွမ်းအင်ဝန်ကြီးဦးသန်းဌေးက အဲ ဒီလိုဖြေကြားလိုက်တာလို့ မြေပုံမြို့နယ် ကိုယ်စားလှယ်ဦးဖေသန်းက ပြောပြပါတယ်။

"ဒါတွေက တရုတ်ပြည်ကိုရောင်းထားတာ။ အဲဒီမှာသတ်မှတ်ချက်အတိုင်းပဲ အပြည့်ပေးရမှာမို့လို့ဖောက်ပြီးတော့ သုံးစွဲဖို့ဆိုတာမဖြစ်နိုင်ဘူး။ စာချုပ်စာတမ်းနဲ့ လုပ်ထားတာမို့လို့ အဲဒီအတိုင်း မပြည့်မီရင် လျော်ပေးရမှာဖြစ်တယ်။ အဲဒါကြောင့် ဒီတောင်းဆိုချက်ဟာ မဖြစ်နိုင်ဘူးလို့ သူက ပြန်ဖြေပါတယ်။ ဘာတခုမှကို မရလိုက်ပါဘူး။ သူတောင်းစားလိုပေါ့ဗျာ။ လက်ဖြန့်ပြီး တောင်းခံတော့လည်း မပေးဘူးဗျ။"

စွမ်းအင်ဝန်ကြီးရဲ့ အခုပြောကြားချက်ဟာ ပြီးခဲ့တဲ့ရက်ပိုင်းက အမျိုးသားလွှတ်တော်အစည်းအဝေးမှာ အမှတ် (၂) လျှပ်စစ်စွမ်း အားဝန်ကြီးက ပြောဆိုခဲ့တာနဲ့ ကွဲလွဲနေပါတယ်။ လျှပ်စစ်ဝန်ကြီးက ရခိုင်ကမ်းလွန် 'ရွှေ' သဘာဝဓာတ်ငွေ့စီမံကိန်းက ထွက်ရှိတဲ့ ဓာတ်ငွေ့ တွေကို နိုင်ငံတော်ရဲ့ စက်မှုကဏ္ဍတွေကို ဦးစားပေး ပို့လွှတ်မယ်လို့ပြောခဲ့တာပါ။ စွမ်းအင်ဝန်ကြီးရဲ့ပြောဆိုချက်မှာ ကိုရီးယားနိုင်ငံ ဒေဝူးအင်တာနေရှင်နယ် ကော်ပိုရေးရှင်းကဦးဆောင်ပြီး အိန္ဒိယနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ပြုလုပ်နေတာလို့လည်း ဆိုပါတယ်။ ဒီစီမံကိန်းကထွက်ရှိမယ့် သဘာဝဓာတ်ငွေ့တွေကို တရုတ်နိုင်ငံကို စီမံကိန်းကာလ နှစ် ၃၀ ရောင်းချဖို့ သဘောတူထားတာပါ။

ရခိုင်ပြည်နယ် လျှပ်စစ်ဓာတ်အားရရှိရေးအတွက်ကိုတော့ ရေအားလျှပ်စစ်စီမံကိန်းတွေ ဆောင်ရွက်ပေးမယ်လို့လည်း စွမ်းအင်ဝန်ကြီးက ပြောပါတယ်။ ပြည်နယ်တွင်းကထွက်ရှိတဲ့ သဘာဝဓာတ်ငွေ့ရောင်းရငွေတွေကို ပြည်နယ်ရဲ့ ကျန်းမာရေး၊ ပညာရေးနဲ့ လူမှုရေးဆိုင်ရာ ကဏ္ဍတွေမှာ အနည်းငယ် ပြန်လည်အသုံးပြုပေးဖို့ ဒီ အရင်ကလည်း ရခိုင်ကိုယ်စားလှယ်တွေက လွှတ်တော်တွင်း မေးမြန်းဖို့ ကြိုးစားခဲ့ကြပေမယ့် ပယ်ချခံရဖူးပါတယ်။

---

**စာမျက်နှာ ၈ မှ**

နေသေးတဲ့ နိုင်ငံရေးအကျဉ်းသား ရှိ မရှိ စတာတွေကို စိစစ်ရမှာဖြစ်ပါတယ်။

အဲဒီအတွက် အစိုးရက အသစ်ဖွဲ့စည်းလိုက်တဲ့ လူ့အခွင့်အရေးကော်မရှင်ဟာ ဆွေးနွေးပြောဆိုရမယ့် အသင့်တော်ဆုံးအဖွဲ့ ဖြစ်လာမှာပါ။ အဲဒီရဲ့ နောက်အဆင့်ကတော့ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ ICRC ကို အကျဉ်းထောင်တွေထဲ ဝင်ရောက်စစ်ဆေး ကြည့်ရှုခွင့်ပြုပြီး ထိန်းသိမ်းခံစစ်ထောက်လှမ်းရေးအရာရှိတွေနဲ့လည်းတွေ့ဆုံခွင့်ပြုသင့်ပါတယ်။

အဲဒီနည်းအားဖြင့် မြန်မာအစိုးရဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် အလေးအနက် အားကောင်းမောင်းသန်ဆောင်ရွက်နေတဲ့အကြောင်း နိုင်ငံတကာကို ပြသနိုင်မှာဖြစ်ပါတယ်ခင်ဗျာ။



# သတင်းတိုထွာဖတ်စရာ

ဝရှပံဝရး

## ကမ္ဘာ့ဖလားဘောလုံးပွဲကို ပါဝင်ခွင့်မရ

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ မြန်မာကို ၂၀၁၈ ကမ္ဘာ့ဖလားပွဲကို ပါဝင်ခွင့် ပိတ်ပင်လိုက်ပါတယ်။ ပြီးခဲ့တဲ့ အိုမန်အသင်းနဲ့ ခြေစစ်ပွဲကစားရာမှာ ပရိသတ်ရဲ့ ရမ်းကားမှုကြောင့် အခုလိုဒဏ်ခတ်လိုက်တာဖြစ်ပါတယ်။ ၂၀၁၈ ရုရှားမှာကျင်းပမယ့် ကမ္ဘာ့ဖလားဘောလုံးပွဲကို ပါဝင်ခွင့်မရတဲ့အပြင် အမေရိကန်ဒေါ်လာ ၂၈၀၀၀ ကိုလည်း ဒဏ်ချလိုက်ပါတယ်။ (ZURICH (AP) 30, Sept-2011)

## ဂျီမေးပြဿနာ ဒီလိုလုပ်ပါ

မြန်မာနိုင်ငံမှာ ဂျီမေးဖွင့်ရင် ဖုန်းနံပါတ်တောင်းတဲ့ပြဿနာကို ဒီလိုလုပ်ပါ။ အင်တာနက် လိပ်စာမှာ https://mail.google.com လို့ရိုက်ထည့်ပြီး Enter နှိပ်ပါ။ ဂျီမေးအကောင့်ထဲကို အလိုအလျောက် ရောက်သွားပါလိမ့်မယ်။ Logout ပြန်လုပ်ပြီး ကိုယ့်ရဲ့အကောင့်ကို ပြန်ဝင်ကြည့်ပါ။ တယ်လီဖုံးနံပါတ်မတောင်းတော့ဘဲ ပုံမှန်အတိုင်း ပြန်ဝင်လို့ရသွားပါလိမ့်မယ်။ မသုံးတာကြာရင်လည်း ဒီလိုဖြစ်တတ်ပါတယ်။ (VOB 30, Sept-2011)

## အထူးအဆန်းဖြစ်နေ

ရာစုနှစ်များစွာ ပြည်သူလူထုကို ညှဉ်းပမ်းနှိပ်စက် ရိုက်နှက်သတ်ဖြတ်နေရာကနေ အခုတော့ ပြည်သူဆန္ဒကို လေးစားပါတယ်လို့ ပြောလို့ မြန်မာအစိုးရဟာ အတော်ကို ထူးဆန်းနေတယ်လို့ မဂ္ဂဇင်းကြီးကရေးသားလိုက်ပါတယ် မကြာသေးခင်က သမတကြီးမှ မြစ်ဆုံစီမံကိန်းကို ပြည်သူ့ဆန္ဒအရ ရပ်ဆိုင်းလိုက်ကြောင်း ကြေညာလိုက်လို့ အခုလို ထူးထူးဆန်းဆန်း ဝေဖန်သံတွေထွက်ပေါ်လာတာဖြစ်ပါတယ်။ (Time Magazine 30, Sept-2011)

## တရုတ်အစိုးရကို သတိပေးလို

မြန်မာပြည်သူများပိုင်ဆိုင်တဲ့ ရောဝတီဖြစ်ဆုံမှာ ဆည်တည်ဆောက်နေတာကို ပြည်သူဆန္ဒအရ ရပ်ဆိုင်းလိုက်တဲ့အပေါ်မှာ တရုတ်အစိုးရအနေနဲ့ သမတဦးသိန်းစိန်နဲ့ ဆွေးနွေးလိုကြောင်း တောင်းဆိုလာပါတယ်။ မည်သို့ပင်ဖြစ်စေ တရုတ်အစိုးရအနေနဲ့ ဒေသခံမြန်မာလူမျိုးများ၏ သဘောထားဆန္ဒများကိုလေးစားဖို့လိုပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုမှာနာမည်ကြီးလှတဲ့ တရုတ်အစိုးရအနေနဲ့ မြန်မာပြည်သူများရဲ့ လူ့အခွင့်အရေးတွေကို ဝင်ရောက်ချိုးဖောက်ခံမှာမဟုတ်ကြောင်း သတိပေးလိုက်သည်။ (VOB 30, Sept-2011)

## စီမံကိန်းကို ရပ်ဆိုင်းမှု ဒေါ်စု ကြိုဆို

"ကျမတို့နားလည်သဘောပေါက်တာကဒီမနက်လွှတ်တော်ကိုသမတကြီးဆီကနေ သဝဏ်လွှာ ပို့တယ်လို့ပြောပါတယ်၊ အဲဒီ သဝဏ်လွှာမှာဆိုရင် ပြည်သူလူထုရဲ့ စိုးရိမ်မှုတွေ။ ကြောင့်ကြမှုတွေ ထောက်ထားပြီးတော့ ဒီမြစ်ဆုံရေကာတာကြီးစီမံကိန်းကို ရပ်ဆိုင်းထားမယ်လို့ ဒီလိုမှာ ကြားလိုက်တယ်လို့ နားလည်ပါတယ်၊ ဒါကတော့ ကျမအမြင်မှာတော့ ပြည်သူရဲ့အသံကိုနားထောင်တာဟာ အင်မတန်မှကောင်းပါတယ်၊ ဒီဟာဟာ အစိုးရတိုင်း လုပ်ရမယ့်ကိစ္စပါ၊ ပြည်သူရဲ့အသံကို နားထောင်ရမယ်၊ ပြည်သူရဲ့ စိုးရိမ်ကြောင့်ကြမှုတွေကို တကယ်ပဲလေးလေးနက်နက်ထားပြီးတော့ ဖြေရှင်းပေးရမယ်၊ အဲဒါကြောင့်မို့ကျမဒါကို ကြိုဆိုပါတယ်၊" (VOB 30, Sept-2011)

## အငှားဆိုက်ကယ် တူညီဝတ်စုံဆင်

နေပြည်တော် အငှားဆိုက်ကယ်သမားများ အရောင်တူညီဝတ်စုံဝတ်ရန်သတ်မှတ်လိုက်ပါတယ်။ အငှားဆိုက်ကယ်ကို စနစ်တကျဖြစ်ရန် ဆောင်ရွက်တာလို့ဆိုပါတယ်။ ပျဉ်းမနားအဖွဲ့ကို အစိမ်းရောင်၊ လယ်ဝေး ကာကီရောင်၊ တပ်ကုန် အစိမ်းနုရောင်နဲ့ သီရိငါးမြို့နယ်ကို အပြာရောင်ဝတ်ဆင်ကြရန် သတ်မှတ်လိုက်ပါတယ်။ နေပြည်တော်ကောင်စီ နယ်မြေအတွင်း စည်းကမ်းရှိရှိ လုပ်ကိုင်နိုင်ရန် အခုလို အငှားဆိုက်ကားသမားများကို ဝတ်စုံအရောင်တွေ သတ်မှတ်တာဖြစ်တယ်လို့ဆိုပါတယ်။ (MMT 30, Sept-2011)

## သိုးရေခြုံထားပြီ အိပ်ပျော်နေတဲ့ ဝံပုလွေအိုကြီးလား

မြန်မာနိုင်ငံမှာ တကယ်ပဲ အပြောင်းအလဲတွေဖြစ်လာနေပြီလားဆိုတာ ခန့်မှန်းရ အတော့်ကို ခက်ပါတယ်။ ကမ္ဘာ့လူထုကို လိမ်လည်လှည့်ဖျားနေပုံရတယ်လို့ မြန်မာနိုင်ငံကို စောင့်ကြည့်နေတဲ့ သတင်းမီဒီယာ၊ နိုင်ငံရေးအသိပညာရှင်တွေ အတတ်ပညာရှင်တွေက သုံးသပ်ပါတယ်။ တကယ်ပဲ လွတ်လပ်တဲ့အရပ်သားအစိုးလား၊ ဒါမှမဟုတ် သိုးရေခြုံထားပြီ အိပ်ပျော်နေတဲ့ ဝံပုလွေအိုကြီးလားဆိုတာ ခန့်မှန်းရခက်ခဲကြောင်း သတိနဲ့စောင့်ကြည့်ကြရမှာဖြစ်ကြောင်း ရေးသား ပြောဆိုကြပါတယ်။ (Bangkok Post 2, Octo-2011)

## ဒေါ်ရင်လု မြန်မာသွားမည်

ထိုင်းဝန်ကြီးချုပ်သစ် Yingluck Shinawatra မြန်မာနိုင်ငံကို အလည်အပတ်သွားရောက်ဖို့ရှိပါတယ်။ သမတဦးသိန်းစိန်ရဲ့ ဖိတ်ကြားချက်အရ အခုမြန်မာနိုင်ငံကို မကြာခင်လာရောက်မှာဖြစ်တယ်လို့ မြန်မာသတင်းစာတွေကရေးပါတယ်။ Yingluck ဟာ ဝန်ကြီးချုပ်ဖြစ်လာအပြီး အာဆီယံနိုင်ငံတွေကို အလည်အပတ်ခရီးလှည့်လည်သွားရောက်နေတာဖြစ်ပါတယ်။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ကုန်သွယ်စီးပွားပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ကုန်သွယ်ရေးကိစ္စတွေကို အရပ်သားဦးသိန်းစိန်အစိုးရနဲ့ဆွေးနွေးနိုင်ဖွယ်ရှိတယ်လို့လည်း သတင်းကဆိုပါတယ်။ (Xinhua 2, Octo-2011)

# ပိတ်ဆို့မှုတွေ ရုတ်သိမ်းပေးဖို့ မြန်မာနိုင်ငံခြားရေးဝန်ကြီး ကုလမှာ တောင်းဆို

**VOA ၊ စက်တင်ဘာ ၂၇ ။** ။မြန်မာနိုင်ငံတွင်း ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွေ မြန်ဆန် တိုးတက်လာဖို့အတွက် အနောက်နိုင်ငံတွေရဲ့ မြန်မာနိုင်ငံအပေါ် စီးပွားရေးအရေးယူ ပိတ်ဆို့မှုတွေကိုပယ်ဖျက်ပေးဖို့မြန်မာနိုင်ငံခြားရေးဝန်ကြီးက မနေ့က ကုလသမဂ္ဂအထွေထွေညီလာခံမှာ တောင်းဆိုလိုက်ပါတယ်။ ဒါပေမဲ့လည်း မြန်မာနိုင်ငံတွင်း ပြုပြင်ပြောင်းလဲရေးတွေ လုပ်တဲ့နေရာမှာ အပြောက များနေပြီး လက်တွေ့ ညီမညီကိုတော့ စောင့်ကြည့်ဖို့လိုတယ်လို့ HRW လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့က မြန်မာအစိုးရကို ဝေဖန်သွားပါတယ်။ အပြည့်အစုံကို ကိုသားညွန့်ဦးက တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲနဲ့တက်လာတဲ့ အရပ်သားအစိုးရတရပ်အနေနဲ့ ဒါဟာ နှစ် ၂၀ အတွင်း ပထမဆုံးအကြိမ် ကုလသမဂ္ဂအထွေထွေညီလာခံမှာ မိန့်ခွန်းပြောခဲ့တာမို့ အပြောင်းအလဲ ကိစ္စတွေကို အတော်လေး အလေးပေးပြောတာ တွေ့ရပါတယ်။

မြန်မာအစိုးရအနေနဲ့ မြန်မာနိုင်ငံသားတွေရဲ့ အခြေခံရပိုင်ခွင့်တွေကို အာမခံဖို့လိုအပ်သလို ဥပဒေထုတ်ပြန်တာတွေ၊ ဥပဒေ ပြင်ဆင်ချက်တွေလုပ်သွားမှာဖြစ်သလို တရားရေးစနစ် ခိုင်မာအားကောင်းလာအောင်နဲ့ နိုင်ငံသားတိုင်း ညီတူညီမျှ အခွင့်အရေးတွေရရှိစေဖို့ အာမခံပါတယ်လို့ မြန်မာ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မနေ့က ကုလသမဂ္ဂ အထွေထွေညီလာခံ မိန့်ခွန်းမှာပြောဆိုသွားပါတယ်။ ဒါပေမဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေ မြန်ဆန်လာစေဖို့အတွက် အရေးယူ ပိတ်ဆို့မှုတွေ ဖယ်ရှားပေးဖို့ လိုမယ်လို့ ပြောပါတယ်။

"ပြည်သူတွေရဲ့ စားဝတ်နေရေး ပြေလည် ကောင်းမွန်လာစေဖို့ အစိုးရက ကြိုးပမ်းတဲ့နေရာမှာ နိုင်ငံတကာရဲ့ စီးပွားရေးအရေးယူ ပိတ်ဆို့မှုတွေ အနှောင့်အတားဖြစ်နေတာက ဝမ်းနည်းစရာပါ။ ဒါကြောင့် မြန်မာနိုင်ငံအပေါ်မှာ တဖက်သတ် အရေးယူ ပိတ်ဆို့မှုတွေ လုပ်နေတဲ့ နိုင်ငံတွေကို တိုက်တွန်းချင်ပါတယ်။ ဒီအကန့်အသတ်တွေကို ဖယ်ရှားပေးပါ။ ဒါဟာ ကျနော်တို့နိုင်ငံရဲ့ ထောင်စုနှစ် ရည်မှန်းချက်တွေ ပြည့်မီအောင် လုပ်နိုင်ဖို့လည်း အထောက်အကူဖြစ်စေပါတယ်။" ဆိုပြီး မြန်မာနိုင်ငံခြားရေးဝန်ကြီးက ပြောသွားခဲ့တာပါ။

အစိုးရသစ်အနေနဲ့ မြန်မာလူထုရဲ့ လူမှုစီးပွား ဘဝအခြေအနေ တိုးတက်ကောင်းမွန်လာဖို့ စီးပွားရေး၊ လူမှုရေးနဲ့ မူဝါဒဆိုင်ရာ ပြောင်းလဲမှုအတော်များများကို ဆက်တိုက် လုပ်ဆောင်နေပြီး ဒီအထဲ ဆင်းရဲမွဲတေမှုလျှော့ချရေးကြိုးပမ်းချက်လည်း ပါဝင်တယ်လို့ ပြောပါတယ်။

နယူးယောက် အခြေစိုက် HRW လူ့အခွင့်အရေး စောင့်ကြည့်မှုအဖွဲ့ ပြောခွင့်ရသူ အီလိန်းပီယာစန် (Elaine Pearson) ကတော့ အပြောနဲ့လက်တွေ့ ညီမညီကို စောင့်ကြည့်ရမှာဖြစ်တယ်လို့ ဗွီအိုအေမြန်မာပိုင်းကို ပြောပါတယ်။

"ပြည်သူတွေအနေနဲ့ စိတ်ချလက်ချ ယုံယုံကြည်ကြည်နဲ့ လူ့အခွင့်အရေးချိုးဖောက်ခံရမှုတွေကို တင်ပြတိုင်ကြားနိုင်ဖို့ဆိုရင်တော့ မြန်မာအစိုးရအနေနဲ့လူ့အခွင့်အရေးကော်မရှင်တရပ် ဖွဲ့စည်းတာထက်ပိုပြီး လုပ်ဆောင်စရာတွေရှိပါတယ်။ မြန်မာနိုင်ငံမှာ အစိုးရကို ဝေဖန်ပြောကြားလို့ ဖမ်းဆီးအကျဉ်းချခံရသူတွေရှိနေဆဲပါ။ ပြုပြင်ပြောင်းလဲမယ်ဆိုတဲ့ ကတိကဝတ် စကားတွေထက်၊ လူ့အခွင့်အရေး အခြေအနေ တိုးတက်မှုရှိတယ်ဆိုတာကိုပြဖို့ လက်တွေ့ဆောင်ရွက်ရမယ့် ကိစ္စတွေဆောင်ရွက်သွားဖို့လိုပါတယ်။"

လက်တွေ့အားဖြင့် လူ့အခွင့်အရေးအခြေအနေတိုးတက်လာလာဖို့ဆိုရင် နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့လိုသလို လွန်ခဲ့တဲ့ ၄ နှစ်တုန်းက ငြိမ်းချမ်းစွာဆန္ဒပြသူတွေကို ရက်ရက်စက်စက် နှိမ်နင်းခဲ့တဲ့ကိစ္စ လုံခြုံရေးတာဝန်ရှိသူတွေကို ဖော်ထုတ်အရေးယူပေးဖို့ လိုမယ်လို့ HRW က ထောက်ပြပါတယ်။

နိုင်ငံခြားရေးဝန်ကြီးကတော့ နိုင်ငံတော်သမ္မတကြီးအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဘောင်အတွင်းမှာ သူလုပ်ပိုင်ခွင့် ရှိတဲ့အတိုင်း လာမယ့် သင့်လျော်တဲ့ တချိန်ချိန်မှာ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထပ်မံထုတ်ပြန်ဖို့ရှိတယ်လို့အထွေထွေညီလာခံကိုပြောသွားပါတယ်။ ဒါပေမဲ့ ဘယ်တော့ဖြစ်မယ်ဆိုတာ မပါသလို နိုင်ငံရေး အကျဉ်းသားဆိုတဲ့ကိစ္စကိုလည်း တိတိကျကျ ရည်ညွှန်းပြောဆိုမှု မရှိပါဘူး။ ပြည်တွင်းငြိမ်းချမ်းရေးအတွက်တိုင်းရင်းသားလက်နက်ကိုင်တွေကို ဆွေးနွေးဖို့ အစိုးရအနေနဲ့ ဖိတ်ခေါ်ခဲ့တယ်လို့လည်း နိုင်ငံခြားရေး ဝန်ကြီးက ပြောသွားပါတယ်။

HRW ပြောခွင့်ရသူ အီလိန်းပီယာစန်ကတော့ ပြုပြင်ပြောင်းလဲရေးဆိုတဲ့နေရာမှာ ပြုပြင်ပြောင်းလဲမှုတွေ တကယ်ဖြစ်စေမယ့် အခြေခံအားဖြင့် လွတ်လပ်တဲ့ အခင်းအကျင်းအခြေအနေရှိဖို့ ပိုအရေးကြီးတယ်လို့ ထောက်ပြပါတယ်။

"မြန်မာနိုင်ငံခြားရေးဝန်ကြီးဟာ လူမှုရေးနဲ့ စီးပွားရေးဆိုင်ရာ အခွင့်အရေးကိစ္စတွေကိုလည်း ပြောသွားပါသေးတယ်။ ဆင်းရဲမွဲတေမှုလျှော့ချရေးကော်မရှင်ဖွဲ့တယ်ဆိုတာတွေ ဘာတွေက သိပ်လွယ်ကူတဲ့ ကိစ္စတွေပါ။ ဒါပေမဲ့ မြန်မာလူထုရဲ့ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာပြဿနာတွေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းပေးမလဲဆိုတာ ကြည့်ရမှာပါ။ အခုဟာက ပြောတာတွေက များနေပါတယ်။ လက်တွေ့ လုပ်တဲ့အခါမှာ ဒီအပြောနဲ့ ကိုက်ညီသလားဆိုတာ စောင့်ကြည့်ရမှာပါ။"

ဝန်ကြီးဦးဝဏ္ဏမောင်လွင်ကတော့ အခုလက်ရှိဆောင်ရွက်မှုတွေမှာ ထင်သာမြင်သာရလဒ်တွေရှိထားပါတယ်လို့ အထွေထွေညီလာခံမှာ အခိုင်အမာပြောသွားပါတယ်။ ဒီလုပ်ငန်းစဉ်တွေဟာ နောက်ပြန်လှည့်လို့မရတဲ့ခြေလှမ်းတွေဖြစ်ပါတယ်လို့လည်းအာမခံပါတယ်။

"မြန်မာအစိုးရ အခုဆောင်ရွက်နေတဲ့ ကိစ္စရပ်တွေဟာ ထင်သာမြင်သာ ရလဒ်ရှိပါတယ်။ နောက်ကြောင်း ပြန်လှည့်လို့မရပါဘူး။ ဒါကြောင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို စနစ်တကျ အရှိန်အဟုန်ကောင်းကောင်း တက်တက်ကြွကြွဆောင်ရွက်နေပါတယ်။ စိန်ခေါ်အကဲစမ်းချက်တွေရှိပေမဲ့လို့ ဒီမိုကရေစီဖြစ်ထွန်းရေးကို ဆက်ပြီး လုပ်သွားဖို့ ခိုင်ခိုင်မာမာ ပိုင်းဖြတ်ထားပါတယ်။"

အခု အမေရိကန်စံတော်ချိန် ညနေပိုင်းမှာတော့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ မြန်မာ့အရေးမိတ်ဆွေနိုင်ငံများ အစည်းအဝေးကို ဆက်ပြီးကျင်းပနေပါတယ်။ မြန်မာနိုင်ငံခြားရေးဝန်ကြီးအပါအဝင်မြန်မာ့အိမ်နီးချင်းနိုင်ငံက နိုင်ငံခြားရေးဝန်ကြီးတွေလည်းတက်ရောက်မယ်လို့မျှော်လင့်ရပါတယ်။ ဒါအပြီးမှာတော့ ထုတ်ပြန်ချက်တရပ်ထွက်လာဖို့ရှိတယ်လို့ ကုလအတွင်းရေးမှူးချုပ်ရုံးကပြောထား ပါတယ်။

## ပြက္ခဒိန်မှ

**စက်တင်ဘာ ၂၈။** Irrawaddy ။ ။ နေပြည်တော်နှင့် နီးစပ်မှုအရှိကိုသုံး၍ မြန်မာအား ကောင်းသည့်ဖက်သို့ ပြုပြင်ပြောင်းလဲရေးကြိုးပမ်းရန် အိန္ဒိယအား အမေရိကန် အိုဘားမားအစိုးရမှ တိုက်တွန်းခဲ့၏။

**စက်တင်ဘာ ၂၈။** Mizzima ။ ။ သာဘာဝနှင့်အလှပျက်စီးစေခြင်း၊ ငြိမ်းချမ်းရေးပျက်သုဉ်းစေနိုင်ခြင်းတို့ ဖြစ်နိုင်သည့် မြစ်ဆုံဆည်တည်ခြင်းကို ရပ်တန့်ရန် စာရေးဆရာ ဒဂုံတာရာ (၉၃ နှစ်) မှ တတိယအကြိမ်မြောက် ငြိမ်းချမ်းရေးမေတ္တာရပ်ခံမှု ရေးသားတောင်းဆို၏။

**စက်တင်ဘာ ၂၈။** Mizzima ။ ။ နိုင်ငံရေးအကျဉ်းသားများရှိသည်ဆိုသည့် အချက်ကို မြန်မာအစိုးရသည် ဝန်ခံရန်လိုအပ်နေကြောင်း၊ ကမ္ဘောဒီးယားတွင် ကျင်းပခဲ့သည့် AIPA ဆွေးနွေးပွဲတက်ခဲ့သည့် ရခိုင်အမျိုးသားများ ညီညွတ်ရေးပါတီမှ အမတ်ဦးအေးမောင်မှ သတင်းဌာနအမေးတွင် ပြောဆို၏။

**စက်တင်ဘာ ၂၉။** Mizzima ။ ။ အစိုးရသည် လမ်းမှန်ဘက်ဆက်လျှောက်လျှင် အဲန်အဲလ်ဒီသည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ကောင်း တင်မည်ဟု ဦးဉာဏ်ဝင်းမှဆို၏။

**စက်တင်ဘာ ၂၉။** DVB ။ ။ မန္တလေးတွင် လူရာနှင့်ချီ၍ နာစေးချောင်းဆိုး ဝမ်းရောဂါခြင်း ဖြစ်နေကြောင်း။

**စက်တင်ဘာ ၂၉။** DVB ။ ။ ဆန္ဒပြပိုင်ခွင့် ဥပဒေ မူကြမ်းကိုလွှတ်တော်တွင် ရှေ့အပတ် တင်ပြဆွေးနွေးမည်။

**စက်တင်ဘာ ၂၉။** DVB ။ ။ နျူကလီးယားလက်နက် ထုတ်လုပ်ရန် ငွေနှင့်နည်းပညာမရှိဟု ဆိုခဲ့သည့် မြန်မာနိုင်ငံအတွက် ယခုအချိန်သည် နျူကလီးယားလက်နက် မပြန့်ပွားရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စာချုပ်များတွင် ပါဝင်လက်မှတ်ရေးထိုးရန် အချိန်ကောင်းဖြစ်ကြောင်း Robert Kellyrs သတင်းသုံးသပ်၏။

**စက်တင်ဘာ ၂၉။** Sydney Morning Herald ။ ။ ဒေါ်အောင်ဆန်းစုကြည်၊ အဲန်အဲလ်ဒီနှင့် ဒီမိုကရေစီရေး ထောက်ခံလှုပ်ရှားသူများ အပါအဝင် နိုင်ငံရေးအကျဉ်းသားများစွာအား လွှတ်ပေးရန် စစ်တပ်ကြိုးကိုင်သော အရပ်သားအစိုးရသည် ပြင်ဆင်နေကြောင်း သံတမန်နှင့် မြန်မာ့အရေးသုံးသပ်သူများမှဆို၏။

**စက်တင်ဘာ ၂၉။** Crosscut (blog) ။ ။ ကမ္ဘာတွင် ယခင်ကလည်း ဖြစ်ခဲ့ပေါင်းများခဲ့၍ မြန်မာအစိုးရ၏ အပြောင်းအလဲများကို သတိပြုကြည့်ရန် စာရေးသူ Eric Scigliano မှ သတိပေး၏။

**စက်တင်ဘာ ၂၉။** CNN ။ ။ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်ဦးဆောင်သည့် မြန်မာအဖွဲ့နှင့် အမေရိကန်အရာရှိများ ရှားပါးစွာ တွေ့ဆုံမှုကို ဝါရှင်တန်တွင် ကျင်းပခဲ့၏။

**စက်တင်ဘာ ၂၉။** Asian Correspondent ။ ။ မြန်မာအစိုးရသည် တဖက်တွင် ပြုပြင်ပြောင်းလဲမှုများ လုပ်နေသည်ဟုဆိုသော်လည်း ကချင် ကေအိုင်အေတပ်၏ တပ်မ ၄ အား အသဲအသန် တိုက်ခိုက်နေ၏။

**စက်တင်ဘာ ၂၉။** AFP ။ ။ ကျောက်ပန်းတောင်းတွင် မော်တော်ဆိုင်ကယ် ငှားစီးသူ ဂျပန်အမျိုးသမီး Chiharu Shiramatsu သည် ဆိုင်ကယ်ငှားရမ်းသူမှ အဓမ္မပြုရန်ကြိုးစားစဉ် အသတ်ခံရသည်ဟု အစိုးရဝန်ထမ်းတဦးမှဆို၏။

**စက်တင်ဘာ ၂၉။** AsiaOne ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် အလုပ်သမားဝန်ကြီး ဦးအောင်ကြည်နှင့် နံက်ဖြန် နောက်တကြိမ် တွေ့ဆုံဆွေးနွေးမည်ဟု အဲန်အဲလ်ဒီမှဆို၏။

**စက်တင်ဘာ ၃၀။** AsiaTimes ။ ။ သတင်းနှင့်ကျေညာချက်များအရ မြန်မာသည် မကြာမီ အကျဉ်းသားများလွှတ်မည်၊ နိုင်ငံရေးအကျဉ်းသားများ ပါ မပါ မသိရ၊ ပါနိုင်ခြေရှိပြီး အသုတ် ၃ သုတ် ခွဲလွှတ်နိုင်ကြောင်း၊ တပတ်ခန့်အတွင်း ၂၀၀ ခန့်လွှတ်လာနိုင်ကြောင်း Larry Jagan မှ သတင်းဝေဖန်၏။

**စက်တင်ဘာ ၃၀။** Nation ။ ။ ထိုင်းဝန်ကြီးချုပ် Yingluck Shinawatra သည် ရှေ့အပတ် နေပြည်တော်သို့သွားမည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ရန် အစီအစဉ်တွင်မပါကြောင်း။

**စက်တင်ဘာ ၃၀။** AFP ။ ။ မြန်မာသည် အောက်တိုဘာမှစ ဘဏ် ၆ ခုအား နိုင်ငံခြားငွေလဲလှယ်ရန် ခွင့်ပြုမည်ဖြစ်၍ ကမ္ဘာလှည့်ခရီးသည်များအတွက် ယခင်ထက်များစွာ အဆင်ပြေစေမည်။

**စက်တင်ဘာ ၃၀။** VOA ။ ။ မြစ်ဆုံဆည် ဆောက်လုပ်ခြင်းစီမံကိန်းကို မြန်မာသမတ ဦးသိန်းစိန်မှ မိမိသက်တမ်းတလျှောက် မဆောက်ရန် နောက်ဆုတ်ရွှေ့ဆိုင်းခြင်းအပေါ် ပါတ်ဝန်းကျင်နှင့် ဒီမိုကရေစီလှုပ်ရှားသူများမှ သတိဖြင့် ကြိုဆို၏။

**စက်တင်ဘာ ၃၀။** NARITA ။ ။ မြန်မာမှ ဒုတိယအသုတ် ဒုက္ခသည် ၁၈ ဦး ဂျပန်သို့ရောက်ရှိ၏။

**စက်တင်ဘာ ၃၀။** Guardian ။ ။ မြစ်ဆုံဆည် ဆက် မဆောက်ရုံဖြင့် အစိုးရသည် အကောင်းဖက်သို့ ပြောင်းလဲသွားပြီဟု မဆိုသာသေးကြောင်း။

**စက်တင်ဘာ ၃၀။** Guardian ။ ။ တရုတ်ဆည်များအား ဆန့်ကျင်သည့် မြန်မာပတ်ဝန်းကျင်အဖွဲ့များအား အမေရိကန်လူမျိုးများမှ ထောက်ပံ့မှုရှိခဲ့ကြောင်း ၂၀၁၀ ဂျန်နဝါရီ ၃၀ WikiLeaks ပေါက်ကြားချက်များအရမှဆို၏။

**စက်တင်ဘာ ၃၀။** SABC, SA ။ ။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ NCGUB ၏ဝန်ကြီးချုပ်ဦးစိန်ဝင်းသည် ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ဆုယူရန် တောင်အာဖရိကသို့ အောက်တိုဘာ ၁ တွင်လာမည်။

**စက်တင်ဘာ ၃၀။** Irrawaddy ။ ။ မြစ်ဆုံဆည် ဆောက်မှု ရပ်တန့်ခြင်းကို ဒေါ်အောင်စုကြည်မှ ကြိုဆို၏။

**စက်တင်ဘာ ၃၀။** Irrawaddy ။ ။ မဲဆောက်တွင် တွေ့ဆုံဆွေးနွေးပြီးသော်လည်း နေပြည်တော်တွင် ဆွေးနွေးလိုကြောင်း ကေအင်ယူမှဆို၏။ အောက်ခြေနှင့်ဆွေးနွေးခြင်းသည် ကရင်များအား သွေးကွဲစေကြောင်း အချို့မြင်၏။

**စက်တင်ဘာ ၃၀။** Mizzima ။ ။ မြစ်ဆုံဆည်တခုတည်း ရပ်ရုံမဟုတ်ဘဲ China Power Investment(CPI) သည် မြန်မာရှိ ဆည်စီမံကိန်းအလုံးကို ရပ်ဆိုင်းရမည်ဟုအဖွဲ့ ၇ ဖွဲ့ ပါသည့် Burma Rivers Network (BRN) မှ ယနေ့ ထုတ်ပြန်ကျေညာတောင်းဆို၏။

**စက်တင်ဘာ ၃၀။** Mizzima ။ ။ လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးနှင့် တိုင်းရင်းသားအဖွဲ့များနှင့် ငြိမ်းချမ်းရေးရယူရေးကို ဒေါ်အောင်ဆန်းစုကြည်နှင့် ဝန်ကြီး ဦးအောင်ကြည်တို့ဆွေးနွေးခဲ့၏။

**စက်တင်ဘာ ၃၀။** DVB ။ ။ အိန္ဒိယနှင့်မြန်မာတို့သည် နောက် ၄ နှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှု ငွေကြေးပမာဏကို ဒေါ်လာ ၃ ဘီလီယံ သို့မဟုတ် လက်ရှိထက် ၂ ဆတိုးရန် ပူးပေါင်းကြိုးပမ်းမည်။

**အောက်တိုဘာ ၁။** Kiama Independent ။ ။ မြန်မာသူပုန်များ (ကေအင်ယူ)သည် အာရှ၏စူးအစ်တူးမြောင်းဖြစ်မည့် ထားဝယ်ဆိပ်ကမ်း တိုးချဲ့မြှင့်တင်ရေး စီမံကိန်းသို့ သယ်ယူပို့ဆောင်ယာဉ်များအား နိုင်ငံရေးနှင့်လူမှုရေး အကြောင်းများကြောင့် တားဆီးပိတ်ပင်နေ၏။

# ဒေါက်တာနေဇင်လတ် ပြောပြတဲ့ သမတအကြံပေးရဲ့ လုပ်ငန်းတာဝန်များ

**VOA ၊ စက်တင်ဘာ ၂၇ ။** ။ သမ္မတဦးသိန်းစိန်ရဲ့ နိုင်ငံရေးအကြံပေးအဖွဲ့ဝင်တွေ အနေနဲ့ မကြာသေးခင်ကပဲ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ကိုလာပြီး နိုင်ငံတကာ သံတမန်တွေ၊ အမေရိကန် အကြီးတန်း အရာရှိတွေနဲ့ တွေ့ဆုံခဲ့သလို အာဆီယံ အဖွဲ့ဝင်တွေထဲက မြန်မာနိုင်ငံဆိုင်ရာ လွှတ်တော်ကော်မတီဝင်တွေနဲ့လည်း အင်ဒိုနီးရှားနိုင်ငံမှာ သွားရောက်တွေ့ဆုံခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြောင်းလဲမှုတွေနဲ့ ပတ်သက်ပြီး ဘယ်လောက်အတိုင်းအတာအထိ ကျယ်ပြန့်တဲ့ အကြံပြုမှုတွေ လုပ်လာနိုင်မလဲဆိုတာကတော့ မသိနိုင်သေးပါဘူး။ မြန်မာနိုင်ငံကို မကြာခင်က သွားရောက်ခဲ့တဲ့ ဗွီအိုအေ မြန်မာပိုင်းအစီအစဉ် အယ်ဒီတာဒေါ်ခင်စိုးဝင်းနဲ့ တွေ့ဆုံခဲ့တဲ့ သမ္မတရဲ့ နိုင်ငံရေးအကြံပေးအဖွဲ့ဝင်တဦးဖြစ်သူဒေါက်တာနေဇင်လတ်ကတော့ သူယူဆတဲ့နိုင်ငံရေးအကြံပေးတယောက်ရဲ့ အခန်းကဏ္ဍကိုအခုလိုရှင်းပြပါတယ်။

"ကျနော်တို့ တာဝန်ထမ်းဆောင်တဲ့အချိန်မှာ တကယ့် Real Changes ကို သွားနိုင်သလား၊ မသွားနိုင်ဘူးလားဆိုတာတိုင်းယူလို့ရတဲ့ပေတံလေးတွေရှိတယ်။ သာမန်အားဖြင့် အမေရိကန် သမ္မတတယောက်က သူ့အကြံပေးကိုသူခန့်တဲ့အခါမှာ တစုံတရာ သူနဲ့နီးစပ်တဲ့သူကိုခန့်တယ်ပေါ့၊ ကျနော်ဆိုရင် အထူးသဖြင့် သမ္မတကြီးနဲ့တာဝန်ထမ်းဆောင်တုန်းကတကြိမ်တခါမှမတွေ့ခဲ့ဖူးဘူး၊ စကားလည်း ကျနော်မပြောခဲ့ဖူးဘူး။မသိတဲ့ သူတယောက်ကို သူခန့်တယ်ဆိုကတည်းကတော် တော်လွတ်လပ်တဲ့သဘောတရားတခုကို ကျနော်တွေ့ရတယ်

"နောက်တခါ ကျနော်တို့စပြီးတော့ နေပြည်တော် သတင်းပို့တယ်။ ပို့ပြီးတော့ သမ္မတကြီး Briefing ကို ကျနော်တို့ ခံယူတဲ့ အချိန်မှာ ကျနော်တို့ကို ကန့်သတ်ချက် လုံးဝမထားပေးဘူး။ ဘယ်လိုဖြေပါ၊ ဘယ်လိုမဖြေပါနဲ့၊ ကိုယ်လိုချင်တဲ့ပုံစံကို Form မလုပ်ဘူးပေါ့။ အဲဒီမှာကတည်းက ကျနော်တို့က နည်းနည်းတော့ သတိထားမိတယ်။ လွတ်လွတ်လပ်လပ်တော့ရှိပါလား၊ တကယ်ကို အပြောင်းအလဲတရပ်ကို ရှေးရှုနေပါလားဆိုတာ ကျနော်တို့ သိတယ်ပေါ့။

"နောက်ပိုင်း ကျနော်တို့ အကြံဉာဏ်ပေးတဲ့အခါမှာလည်းဘယ်အကြံဉာဏ်မျိုးတော့ ကြိုက်တယ်၊ ဘယ်အကြံဉာဏ်မျိုးတော့ မကြိုက်ဘူးဆိုတာလည်း မရှိဘူး။ နောက်တခါ ကျနော်တို့ပေးတဲ့ အကြံဉာဏ်တွေက အရင် ဟိုတုန်းက တချို့နိုင်ငံတွေလို အရင်စနစ်ဟောင်းတွေလို အကြံပေးထားမယ်၊ ပေးတဲ့အကြံဉာဏ် ယူချင်မှလည်း ယူမယ်ဆိုတဲ့ ပုံစံမျိုးလည်း မရှိဘူး။

"အဲဒီတော့ ကျနော်တို့ အလုပ်များလား၊ မများလား တိုင်းတာလို့ရှိရင်ကို အကြံပေးတယောက်ရဲ့ အကြံပေးမှုကို သမ္မတကြီးက Appreciation တကယ်ရှိမရှိ ပြောလို့ရတယ်။ ကျနော်တို့ အလုပ်နည်းတယ်ဆိုရင် ဒါရှင်းတယ်ပေါ့။ သဘောလောက်ထားတဲ့ အကြံပေးဖြစ်မှာပေါ့။ ကျနော်တို့ ဒီနေ့ အလုပ် တော်တော်များတယ်။

"ပေးတဲ့အကြံဉာဏ်တွေဆိုရင်လည်း တော်တော်များများကိုတလေးတစားဖတ်တယ်။ သို့သော်လည်း Perspective View အရကြည့်မယ်ဆိုရင်တော့လည်း ကျနော်တို့က ရှုထောင့်တခုက ကြည့်တာပေါ့၊ နိုင်ငံတော်ရဲ့အမြင့်ဆုံးတာဝန်ထမ်းဆောင်နေတဲ့ သမ္မတတယောက်အနေနဲ့ ကျတော့လည်း ကျနော်တို့ထက် ပိုပြီးတော့ Balance Perspective ပေါ့၊ ဒါကနေ သူပြန်ကြည့်တာပေါ့။

"ဆိုတော့ အကြမ်းဖျင်း ကျနော်တို့ ၁၀ ခုလောက် အကြံဉာဏ်ပေးတဲ့အချိန်မှာ တခုလောက်ပဲ အကောင်အ ထည်ဖော်တယ်၊ ၉ ခုလောက်က အကောင်အထည်မဖော်ဘူးဆိုရင်တော့ ကျနော်တို့ ၂ မျိုးတွက်လို့ရတာပေါ့။ ကျနော်တို့ပေးတဲ့ အကြံဉာဏ်က အဆင့်မမီလို့လား၊ သို့မဟုတ်ရင် ပြုပြင်ပြောင်းလဲမှုကို တကယ်မသွားချင်လို့လား၊ ဒီ ၂ ခု ကျနော်တို့ ပြောလို့ရတာပေါ့။

"ဒီနေ့ ကျနော်တို့ ပေးလိုက်တဲ့ အကြံဉာဏ်တွေနဲ့ သမ္မတကြီးရဲ့ ပြုပြင်ပြောင်းလဲလိုတဲ့ စိတ်ပေါ့၊ သူ့ရဲ့ Political Will နဲ့ နည်းနည်းလေး တိုက်ဆိုင်သွားတဲ့အခါကျတော့အကောင်အထည်ဖော်တဲ့ရာခိုင်နှုန်းက အတော်လေးမြင့်ပါတယ်။ ဒီတချက်ကို ကြည့်မယ်ဆိုရင်လည်း ကျနော်တို့ ပြုပြင်ပြောင်းလဲရေးပေါ့၊ အနှစ်သာရ တကယ်ရှိတဲ့ပြုပြင်ပြောင်းလဲရေးကိုတကယ်သွားနေပြီဆိုတာကျနော်တို့ခန့်မှန်းလို့ရတယ်။ "

ပိုလ်ချုပ်မှူးကြီးသန်းရွှေအနေနဲ့ရော လက်ရှိအချိန်မှာ သမ္မတကြီး ဦးသိန်းစိန်ကို အကြံပေးတာတွေ ဘာတွေရှိပါသေးလား။

"အဲဒါကျတော့ ကျနော်တို့နဲ့က လက်လှမ်းနည်းနည်း မမီတော့ဘူးဗျ။ မမီတော့ဘူးဆိုတော့ တကြိမ်တုန်းကတော့ သူလည်း နိုင်ငံရဲ့ ခေါင်းဆောင်တဦးဖြစ်တဲ့အတွက်ကြောင့် အနည်းငယ် ဂါရဝတရားတော့ ရှိကောင်းရှိနေလိမ့်မယ်ပေါ့လေ။ သို့သော်လည်း ကျနော်တို့ တွက်ကြည့်လို့ ရတာက ဒေါ်အောင်ဆန်းစုကြည်လို လူမျိုးနဲ့ တွေ့နိုင် ဆုံနိုင်တယ်ဆိုတဲ့အနေအထားကိုကြည့်ရင်ပဲ ကျနော်ထင်ပါတယ်၊ တော်တော့်ကို သူ့မှာလွတ်လွတ်လပ်လပ်လုပ်လို့ရတဲ့သဘောဆိုတာ ကျနော် တွေးလို့ရပါတယ်။"

---

# အကျဉ်းသားတွေလွှတ်မည်ဟုပြော

**RFA ၊ စက်တင်ဘာ ၂၇ ။** ။သမ္မတဦးသိန်းစိန်ရဲ့အစိုးရအဖွဲ့အနေနဲ့ နောက်ထပ် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်တရပ် မကြာခင်မှာထုတ်ပြန်ဖို့ရှိတယ်လို့ မြန်မာနိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်က အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှာ ကျင်းပနေတဲ့ (၆၆) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံမှာ ပြောကြားသွားပါတယ်။

အဲဒီ လွှတ်ဖို့ ရှိတယ်ဆိုတဲ့ အထဲမှာ နိုင်ငံရေးအကျဉ်းသားတွေ ပါ-မပါဆိုတာတော့ ထည့်ပြောမသွားပါဘူး။ ဦးသိန်းစိန် အာဏာရလာပြီးတဲ့ နောက်ပိုင်း ပြီးခဲ့တဲ့ မေလကနေ ဇူလိုင်အတွင်းမှာအကျဉ်သားပေါင်း နှစ်သောင်းလောက်ကို လွှတ်ပေးနိုင်ခဲ့တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိတဲ့ ပြဌာန်းချက်တွေနဲ့အညီ သမ္မတအနေနဲ့ နောက်ထပ်လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို မကြာခင်ကာလအတွင်း သင့်တော်တဲ့အချိန်မှာထုတ်ပြန်မယ်လို့ ဦးဝဏ္ဏမောင်လွင်ကပြောသွားပါတယ်။

ဒ့ါအပြင် သူက တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့လည်း သဘောတူညီချက်တွေရရှိခဲ့တယ်၊ မကြာသေးခင်က လူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းနိုင်ခဲ့တယ်လို့လည်း ပြောသွားပါတယ်။

အနောက်နိုင်ငံတွေက စီးပွားရေးအရ ပိတ်ဆို့ဒဏ်ခတ်ထားတာတွေနဲ့ပတ်သက်လို့တော့ ဦးဝဏ္ဏမောင်လွင်က မြန်မာအစိုးရအနေနဲ့ ပြည်သူတွေရဲ့ စားဝတ်နေရေး ဘဝတိုးတက်ကောင်းမွန်လာဖို့ ဆောင်ရွက်နေချိန်မှာ စီးပွားရေးအရ ပိတ်ဆို့အရေးယူမှုတွေဟာ အနှောင့်အယှက် အဟန့်အတားဖြစ်စေတယ်လို့ အထွေထွေညီလာခံမှာ ပြောဆိုသွားပါတယ်။

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာ ဝန်ကြီးဦးဝဏ္ဏအောင်လွင်တွေ့ဆုံ

**VOA ၊ စက်တင်ဘာ ၂၉ ။** ။ နယူးယောက်မှာ ကျင်းပနေတဲ့ ၆၆ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကို လာပြီးတက်တဲ့ မြန်မာ နိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်ဟာ ကြာသပတေးနေ့မှာ ဝါရှင်တန်ဒီစီက အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှာ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် Derek Mitchellအပြင် အမေရိကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီးတွေဖြစ်တဲ့ Kurt Campbell နဲ့ Michael Posner တို့နဲ့တွေ့ဆုံခဲ့ပါတယ်။ အပြည့်အစုံကို ဒေါ်ခင်မျိုးသက်က တင်ပြပေးထားပါတယ်။

ဦးဝဏ္ဏမောင်လွင်ဟာ စက်တင်ဘာ ၂၂ ရက်နေ့က အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနဲ့ ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ် ကမ့်ပ်ဘဲလ်နဲ့ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် ဒဲရက်ခ်မစ်ချဲလ်တို့နဲ့ ကုလသမဂ္ဂ အထွေထွေညီလာခံရဲ့ ပြင်ပ သီးသန့်အစည်းအဝေးမှာ ဆွေးနွေးခဲ့ပါတယ်။ စက်တင်ဘာ ၂၇ ရက် အင်္ဂါနေ့က အထွေထွေညီလာခံမှာ မိန့်ခွန်း ပြောကြားခဲ့တဲ့ မြန်မာနိုင်ငံခြားရေးဝန်ကြီးဟာ ကြာသပ တေးနေ့မှာတော့ ဝါရှင်တန်ဒီစီကို လာရောက်ပြီး နောက်ဆက်တွဲ ဆွေးနွေးမှုတွေ လုပ်ခဲ့တယ်လို့ အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောခွင့်ရ မာ့ခ် တုန်နာ (Mark Toner) က ပြောပါတယ်။

"မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် ဒဲရက်ခ်မစ်ချဲလ်ဟာ အရှေ့အာရှနဲ့ ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကမ့်ပ်ဘဲလ်၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ အလုပ်သမားရေးရာလက်ထောက်နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်ပေါ့စ်နာတို့နဲ့ အတူ မြန်မာ နိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်နဲ့ ဒီနေ့ စက်တင်ဘာ ၂၉ ရက်နေ့မှာ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

"ဒါဟာ ပြီးခဲ့တဲ့သီတင်းပတ် ကုလသမဂ္ဂအထွေထွေညီလာခံကြီးရဲ့ ပြင်ပမှာ မြန်မာကိုယ်စားလှယ်အဖွဲ့နဲ့ အမေရိကန်အစိုးရဘက်က တိုက်ရိုက်ဆွေးနွေးမှုလုပ်ခဲ့တာအပြင် စက်တင်ဘာလဆန်းတုန်းက မစ္စတာမစ်ချဲလ် မြန်မာနိုင်ငံကို သွားရောက်ခဲ့တာတွေရဲ့ နောက်ဆက်တွဲလုပ်ဆောင်မှုပါ။"

ဒီနယူးယောက်ဆွေးနွေးပွဲဟာ ပွင့်လင်းမှုရှိပြီး အကျိုးရှိတယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့ပါတယ်။ ဒါပေမဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့အခု ထက်ပိုပြီး အဓိပ္ပာယ်ရှိတဲ့ဆွေးနွေးမှုတွေ ပြုလုပ်ဖို့အတွက်တောင်းဆိုလိုက်သလို နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့၊ တိုင်းရင်းသားတွေနဲ့စစ်ပွဲဆင်နွှဲနေတာတွေ ရပ်ဆိုင်းဖို့နဲ့ မြောက်ကိုရီးယားနဲ့ဆက်ဆံရေး အခုထက်ပိုပြီး ထင်သာမြင်သာရှိစေဖို့ အပါအဝင်ခိုင်မာတဲ့ အပြောင်းအလဲခြေလှမ်းတွေလှမ်းဖို့ ပြောကြားခဲ့သလို အမေရိကန်နိုင်ငံရဲ့ မြန်မာအပေါ်ထားရှိတဲ့ မူဝါဒဟာ အပြောင်းအလဲမရှိဘူးလို့ဆိုပါတယ်။

"အမေရိကန်နိုင်ငံရဲ့ မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ မူဝါဒမပြောင်းလဲပါဘူး။ တဘက်က ပိတ်ဆို့အရေးယူဒဏ်ခတ်မှုတွေ လုပ်နေချိန်မှာပဲ တိုက်ရိုက် ဆက်ဆံ ဆွေးနွေးမှုတွေကိုပါ လုပ်နေတာပါ။ မြန်မာနိုင်ငံမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တိုက်ရိုက်ဆွေးနွေးမှု လုပ်တာကို မကြာသေးခင်ကမှ တွေ့လာရတဲ့ အပြောင်းအလဲ ကိစ္စရပ်တွေအတွက် ကြိုဆိုပါတယ်။

"ဒါပေမဲ့အခုထိမတွေ့ရသေးတဲ့အဓိကပြဿနာကြီးတွေဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးဖို့၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုဦးတည်တဲ့ တိုင်းရင်းသားတွေနဲ့ အတိုက်အခံအဖွဲ့အစည်းအားလုံးနဲ့ ဆွေးနွေးဖို့အပြင် လူ့အခွင့်အရေးဆိုင်ရာ တာဝန်ခံမှုရှိစေဖို့နဲ့ လူနည်းစုတိုင်းရင်းသားတွေနဲ့ တိုက်ပွဲဆင်နွှဲတာတွေ ရပ်စဲအောင်လုပ်ဖို့လည်း အားပေးပါတယ်။"

မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်အပြင် ၂၀၀၉ ခုနှစ်တုန်းက နိုင်ငံခြားရေးဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့တဲ့ ဦးဉာဏ်ဝင်းကိုလည်း ဝါရှင်တန်ဒီစီကိုလာရောက်ခွင့် ပြုခဲ့တာမို့ သမ္မတအိုဘားမားအစိုးရလက်ထက်မှာ နှစ်ပေါင်း ၅၀ လောက်အတွင်း မြန်မာနိုင်ငံအပေါ်ဆက်ဆံရေးပျော့ပြောင်းလာခဲ့တယ်လို့ အများက ရှုမြင်ကြပါတယ်။

၁၉၉၀ နှစ်တွေလောက်ကစပြီး အမေရိကန်နဲ့ဥရောပ နိုင်ငံတွေကို မြန်မာစစ်အစိုးရ ခေါင်းဆောင်ပိုင်း လာရောက်မှုတွေ ကန့်သတ်အရေးယူခဲ့တာမို့ ကုလသမဂ္ဂနဲ့ နိုင်ငံတကာ အစည်းအဝေးတွေမှအပ ပြည်ဝင်ခွင့်ဗီဇာထုတ်မပေးခဲ့ပါဘူး။ နယူးယောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံကို တက်ရောက်ခွင့် ပေးခဲ့ပေမဲ့ ၂၀၀၇ ခုနှစ် မြန်မာနိုင်ငံလွတ်မြောက်ရေးနဲ့ ဒီမိုကရေစီရရှိရေးအတွက် ထုတ်ပြန်ခဲ့တဲ့ ဥပဒေအရ နယူးယောက်ပြင်ပ ၂၅ မိုင်ထက်ပိုပြီး ဝေးတဲ့ နေရာကို သွားဖို့အတွက် သမ္မတအိမ်ဖြူရဲ့ အထူးခွင့်ပြုချက် လိုအပ်ပါတယ်။

၂၀၀၉ ခုနှစ်မှာ ဦးဉာဏ်ဝင်းကို ဝါရှင်တန်ဒီစီကို လာရောက်ခွင့်ပေးခဲ့တာမို့ အမေရိကန်၊ အာရှ စီးပွားရေးလုပ်ငန်းရှင်များ ကောင်စီနဲ့ ဗာဂျီးနီးယား အထက်လွှတ်တော်အမတ် Jim Webb တို့နဲ့ တွေ့ဆုံပြီး မြန်မာသံရုံးနဲ့သမ္မတအိမ်ဖြူ၊ လင်ကွန်းအထိမ်းအမှတ်နေရာနဲ့ ပြတိုက်တွေကို သွားရောက်လည်ပတ်ခွင့်ရခဲ့ပါတယ်။ ဒါပေမဲ့ အမေရိကန် အကြီးတန်းအရာရှိတွေနဲ့ တွေ့ဆုံ ဆွေးနွေးခွင့်တော့ မရခဲ့ပါဘူး။

အခု ဦးဝဏ္ဏမောင်လွင်ရဲ့ အမေရိကန်နိုင်ငံ လာရောက်မှုက အရင်အချိန်ကနဲ့ယှဉ်ရင် ကွာခြားတယ်လို့ ထောက်လှမ်းရေးအရာရှိဟောင်းနဲ့ သံတမန်ဟောင်းတဦး ဖြစ်သူ ဦးအောင်လင်းထွဋ်က အခုလိုပြောပြပါတယ်။

"ဦးဝဏ္ဏမောင်လွင်အနေနဲ့ကတော့ အရင်အခြေအနေနဲ့ မတူပါဘူးခင်ဗျ။ အရင်အခြေအနေတုန်းက ဗိုလ်ချုပ်မှူးကြီး သန်းရွှေရဲ့အာဏာရှင်စနစ်အောက်မှာ သူသေဆိုသေ၊ ရှင်ဆိုရှင် လုပ်ရတဲ့ အနေအထားမျိုးရှိပါတယ်။ အခုအပိုင်းမှာတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လုံးဝကင်းကွာသွားတာမဟုတ်ပေမဲ့ တရားဝင်ဩဇာအာဏာကတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီမှာမရှိတော့ဘူး။ ဦးနေဝင်းလို ဖြစ်သွား ပြီပေါ့ဗျာ။

"ဦးသိန်းစိန်တို့ အနေနဲ့ကတော့လည်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေအပေါ်မှာတော့ လုံးဝမဆန့်ကျင်ပေမဲ့ ထိန်းထိန်းသိမ်းသိမ်းတော့ လုပ်သွားလိမ့်မယ်လို့ ကျနော်မြင်တယ်။ ဒါကြောင့် ဦးဝဏ္ဏမောင်လွင် UN မှာပြောတာရော၊ အမေရိကန်ကို လာတာရောက အရင် ၂၀၀၂ အခြေအနေမျိုး မဟုတ်နိုင်ဘူးဆိုတာကို ပေါ်လွင်ထင်ရှားတဲ့ အနေအထားမျိုး ရှိပါတယ်။"

# ဧရာဝတီ မြစ်ဆုံရေကာတာစီမံကိန်း ဒဂုန်တာရာ လေးနက်စွာ ကန့်ကွက်

**Mizzima ၊ စက်တင်ဘာ ၂၈ ။** ။ ဧရာဝတီ မြစ်ဖျားခံရာ အရပ်ရှိမြစ်ဆုံဆည် စီမံကိန်းအား 'လေးနက်စွာ ကန့်ကွက်ကြောင်း' အသက် ၉၄ နှစ်ရှိပြီဖြစ်သည့် စာရေးဆရာကြီး ဒဂုန်တာရာက ငြိမ်းချမ်းရေး ပန်ကြားလွှာ အမှတ် ၃ ကို ထုတ်ပြန်လိုက်သည်။

တနင်္လာနေ့က ထုတ်ပြန်လိုက်သည့် အဆိုပါ ပန်ကြားလွှာတွင် ဧရာဝတီမြစ်ကြီးမှာ လူ့ပယောဂများကြောင့် များစွာပျက်စီးနေပြီး မြစ်ဆုံဆည်စီမံကိန်းကြောင့် "မြန်မာ့အလှ မြန်မာ့သဘာဝ မြန်မာ့ဘဝကို ဖျက်ဆီးနိုင်သည်သာမက မြန်မာနှင့် အာရှဒေသ ငြိမ်းချမ်းရေးကိုပါ ထိခိုက်ပျက်စီးစေနိုင်သည်" ဟု ဖော်ပြပါရှိသည်။

ရှေးဦးမြန်မာများ လက်ထက်ကတည်းက ဧရာဝတီမှာ ပထဝီသဘာဝအရ တည်ရှိနေခဲ့ခြင်းဖြစ်ပြီး မြန်မာတပြည်လုံးက ပိုင်ဆိုင်ကြောင်း "ဧရာဝတီမြစ်ဆိုတာ မြန်မာပြည်လို့ ပေါ်တဲ့အချိန်ကစပြီး ရှိတာ။ ရှည်လည်းရှည်တယ်။ သိပ်ကြီးကျယ်တယ်လေ။ တပြည်လုံးနဲ့ဆိုင်တယ်။ တရုတ်နဲ့ဆိုင်တာ မဟုတ်ဘူး" ဟု ဒဂုန်တာရာက မဇ္ဈိမကို ပြောသည်။

ယင်းအပြင်မြစ်ဆုံဆည်အရေးသည်ပြည်တွင်းစစ်အထိဦးတည်သွားနိုင်သဖြင့် စီမံကိန်းကို ရပ်ဆိုင်းထားပါရန် ကချင်လွတ်မြောက်ရေးအဖွဲ့ KIO က တရုတ်သမ္မတ ဟူကျင်းတောင်ထံမတ်လ ၁၆ ရက်နေ့စွဲဖြင့် အိတ်ဖွင့်ပေးစာရေးသားပေးပို့ခဲ့ဖူးပြီး အစိုးရနှင့် KIO အကြားတိုက်ပွဲများလည်း ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်ကလည်း ဩဂုတ်လ ၁၁ ရက်နေ့က ပန်ကြားချက်တစောင်ထုတ်ပြန်ပြီး ဧရာဝတီမြစ်ကြီးတွင် ပြဿနာပေါင်းစုံဖြစ်ပေါ်နေကြောင်း "ငြိမ်းချမ်းရေးတရားနှင့် သဟဇာတဖြစ်ခြင်းကိုမြတ်နိုးသူများအားလုံးတို့အား အာရှတိုက်၏ အရေးအပါဆုံး မြစ်တခုဖြစ်သည့်ဧရာဝတီကိုခြိမ်းခြောက်နေသည့်အန္တရာယ်များအားကမ္ဘာတဝှမ်းမှ သိရှိနားလည်ကြစေရန် ကျွန်ုပ်တို့နှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ကြပါရန်" ဟု ဖော်ပြပါရှိသည်။

ထို့ပြင် "သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ အတတ်ပညာဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ ပြဿနာအားလုံးကို ကျွန်ုပ်တို့အားလုံးပူးပေါင်းခြင်းဖြင့် အောင်မြင်စွာ ဖြေရှင်းနိုင်ကြပါမည်"ဟုလည်း ဒေါ်အောင်ဆန်းစုကြည်က ပန်ကြားထားသည်။

ဤမြစ်ဆုံစီမံကိန်းကြီးအား ဆက်လုပ်မည်ဟု ပြောဆိုခဲ့သူ လျှပ်စစ် ၁ ဝန်ကြီး ဦးဇော်မင်းကမူ လွှတ်တော်နှင့် အစိုးရအဖွဲ့၏ မူဝါဒအဆုံးအဖြတ်အတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဟုစက်တင်ဘာလ၁၇ ရက်နေ့က ကျင်းပခဲ့သော "ဧရာဝတီမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများကြောင့် ဧရာဝတီမြစ်နှင့်သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှုဆိုင်ရာ" အလုပ်ရုံဆွေးနွေးပွဲ၌ ပြောဆိုသွားခဲ့သည်။

သို့သော် ဤစီမံကိန်းအား ဆက်လက်ဆောင်ရွက်ရန် သင့် မသင့်ကို လွှတ်တော်တခုတည်းဖြင့် ဆုံးဖြတ်မည်ဆိုပါက မျှတသည့် ဆုံးဖြတ်ချက်ဖြစ်မည်မဟုတ်ကြောင်း ၂၀၁၀ ရွေးကောက်ပွဲဝင် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ RNDP မှ အထွေထွေ အတွင်းရေးမှူး ဦးလှစောက "လွှတ်တော်တခုတည်းနဲ့ဆုံးဖြတ်မယ်ဆိုရင်မျှတမယ်လို့မထင်ဘူး။ လွှတ်တော်မှာ ကြီးစိုးထားတာက ပါတီကြီးဆိုတော့ အဲဒီပါတီကြီးမှာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တဦးချင်းလွတ်လပ်မှုအနေအထားကို ဘယ်လိုမှ အာမခံနိုင်တဲ့ အနေအထားမရှိဘူး" ဟု မဇ္ဈိမနှင့် တွေ့ဆုံမေးမြန်းခန်းတခုတွင် ပြောဆိုထားသည်။

ဧရာဝတီ၏ မြစ်ဆုံရေကာတာစီမံကိန်းကြီးကို 'အပြီးအပိုင် အနိုင်အထက်' ဆောက်လုပ်နေခြင်းအား ကန့်ကွက်မှုများအားဖြေရှင်းရန်မှာ ဝန်ကြီးတဦးတယောက်၏စကားဖြင့် ဆုံးဖြတ်၍ မရကြောင်းလည်း ဒဂုန်တာရာက ဆိုသည်။

"စတည်တာကလည်း အရေးကြီးတယ်လေ။ ဘယ်သူ စတည်တာလဲ" ဟု ထောက်ပြ ပြောဆိုသွားသည်။

မြစ်ဆုံရေကာတာ စီမံကိန်းမှာ ဗိုလ်ချုပ်သန်းရွှေဦးဆောင်သည့် နအဖစစ်အစိုးရလက်ထက် ၂၀၀၉ ဒီဇင်ဘာလမှစ၍ အကောင်အထည် ဖော်လာခြင်း ဖြစ်သည်။ ထွက်ရှိမည့် ရေအားလျှပ်စစ် မီဂါဝပ် ၆,၀၀၀ မှ ၉၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံက ရရှိမည်ဖြစ်ပြီး အမှတ် ၁ လျှပ်စစ် စွမ်းအင်ဝန်ကြီး ဌာနနှင့် တရုတ် China Power Investment Corporation –CPI တို့ အကျိုးတူ ဆောင်ရွက်နေခြင်း ဖြစ်သည်။

---

# စစ်မှန်တဲ့ အပြောင်းအလဲမမြင်သေး

**RFA ၊ စက်တင်ဘာ ၂၈ ။** ။ သမ္မတဦးသိန်းစိန်ရဲ့ အစိုးရက ပြုပြင်ပြောင်းလဲရေးတွေဖြစ်လာဖို့ ကတိပေးလိုက်တာကို ကြိုဆိုပေမယ့် မြန်မာနိုင်ငံမှာ အခုချိန်ထိ စစ်မှန်တဲ့ အပြောင်းအလဲတွေမတွေ့ရသေးဘူးလို့ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် သောမတ်စ်ကင်တားနားက ပြောကြားလိုက်ပါတယ်။

" မြန်မာနိုင်ငံမှာ အမှန်တကယ် ပြုပြင်ပြောင်းလဲတဲ့ အခြေခံအဆင့်မျိုးဆိုတာ ကျနော်တို့မတွေ့ရသေးပါဘူး။ ရှေ့လာမယ့် အောက်တိုဘာလ ကုလသမဂ္ဂ အထွေထွေ ညီလာခံမှာ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ အစီရင်ခံစာကို ကျနော်တင်သွင်းမှာပါ။ အဲဒီအချိန်ဟာ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေအတွက် မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးအခြေအနေတွေ ကောင်းမွန်လာဖို့ ထိရောက်တဲ့ အရေးယူမှုလုပ်ပေးရမယ့် အခွင့်အရေး တရပ်ပါပဲ" လို့ မစ္စတာကင်တားနားက ပြောပါတယ်။

နိုင်ငံရေး အကျဉ်းသားတွေ လွှတ်ပေးရေး ကိစ္စမှာလည်း အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ထပ်ပြီးပေးဖို့ သမ္မတက စဉ်းစားနေတယ်ဆိုပေမယ့်လက်တွေ့မှာ အကောင်အထည်ဖေါ် ဆောင်ရွက်တာ မတွေ့ရသေးဘူးလို့ သူကပြောပါတယ်။

ရှေ့လမှာ တင်သွင်းမယ့် မြန်မာနိုင်ငံက လူ့အခွင့်အရေး အခြေအနေအစီရင်ခံစာဟာ ကုလသမဂ္ဂရဲ့ မြန်မာ့အရေး ဆုံးဖြတ်ချက်တွေမှာ အသုံးဝင်မှာ ဖြစ်တယ်လို့လည်းဆိုပါတယ်။ ဒ့ါအပြင် ပြုပြင်ပြောင်းလဲရေး လက်တွေ့လုပ်ဖို့ မြန်မာအာဏာပိုင်တွေ အတွက်လည်း အစီရင်ခံစာဟာ အထောက်အကူပြုနိုင်မယ်လို့ မျှော်လင့်ကြောင်း မစ္စတာကင်တားနားက ပြောပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ်အဖြစ် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက သူ့ကို ၂၀၀၈ ခုနှစ်မှာ တာဝန် ပေးအပ်ခဲ့ပြီးနောက်ပိုင်းမှာ မစ္စတာကင်တားနားဟာ မြန်မာနိုင်ငံကို လေးကြိမ်သွားရောက်ခဲ့ပြီး ဖြစ်ပါတယ်။

# တောင်အာဖရိက စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်

ခင်မမမျိုး

အပိုင်း ၁

**ယခင် အပတ်အဆက်**

စစ်ရေးနဲ့ တောင်အာဖရိက စစ်တပ်ကို ယှဉ်နိုင်ဖို့ မလွယ်ကူပါဘူး။ ဒါပေမယ့် လက်နက်ကိုင်တော်လှန်ရေးနဲ့ ပေါင်းစပ်ခြင်းအားဖြင့် တွေ့ဆုံညှိနှိုင်းရေးစားပွဲပေါ်ကို အစိုးရဆီ တွန်းပို့နိုင်လာမယ်လို့ယူဆခဲ့ကြပါတယ်။

(၁၉၆၂) ခုနှစ်မှာတော့ မင်ဒဲလားနဲ့ ခေါင်းဆောင်အချို့ကို တောင်အာဖရိက လုံခြုံရေးတပ်တွေကဖမ်းဆီးမိသွားပါတယ်။ ခေါင်းဆောင်တွေ အဖမ်းခံရပြီးနောက်ပိုင်းမှာ အစိုးရဆန့်ကျင်ရေး အရှိန်က နေးကျသွားခဲ့ပါတယ်။ နိုင်ငံတွင်း လှုပ်ရှားမှုတွေအားလျော့ပြီး၊ နိုင်ငံပြင်ပက မင်ဒဲလားလွတ်မြောက်ရေးလှုပ်ရှားမှု၊ နိုင်ငံတကာကင် ပိန်းတွေရဲ့အရှိန်ကသာ ကြီးထွားလာခဲ့ပါတယ်။ အစိုးရထဲကိုဝင်ပူးပြီး (change from within) လုပ်မှပဲရတော့မယ်ဆိုတဲ့နိုင်ငံရေးသ ဘောတရားတွေက ပျံ့နှံ့နေရာယူလာပါတယ်။ ဒါပေမယ့်ဖိနှိပ်မှုရှိသမျှ ထကြွပုန်ကန်မှု၊ နိုင်ငံရေးအန်တုမှုဆိုတာရှိနေမှာပဲဆိုတဲ့ တော်လှန်ရေး ဥပဒေသတွေဟာ တောင်အာဖရိကမှာလဲ မှန်ကန်ခဲ့ပါတယ်။ မျိုးဆက်သစ်ခေါင်းဆောင်တွေ ထပ်မံပေါ်ထွက်လာခဲ့ပြီး၊ ၁၉၆၀ နှောင်းပိုင်းတွေမှာThe Black Consciousness Movement (BCM) စတာတွေ ပေါ်ပေါက်လာပါတယ်။

(၁၉၇၆) ခုနှစ်မှာတော့ The Soweto uprising ပေါ်ထွက်လာပါတယ်။ ဒီလူထုအရေးတော်ပုံကြီးကို လူငယ်ကျောင်းသားတွေက ဦးဆောင်ခဲ့ကြတာပါ။ အရေးတော်ပုံကြီးဖြစ်ပွားခဲ့တဲ့ ပထမနှစ်လအတွင်းမှာ လူငယ်နှစ်ထောင်ကျော်သေဆုံးခဲ့ပြီး၊ ထောင် ပေါင်းများစွာ ဖမ်းဆီးခံခဲ့ရပါတယ်။ ဒီလူထုအရေးတော်ပုံ ကြီးကိုပြည်ပမှာ ရှိနေတဲ့ မျိုးဆက်ဟောင်းတွေက အချိန်ကိုက် တိုင်မင်ပေးပြီး လှုပ်ရှားစေခဲ့တာ လဲမဟုတ်သလို၊ ပြည်တွင်းမှာရှိနေတဲ့ မျိုးဆက်ဟောင်းခေါင်းဆောင်တွေက တိုက်ပွဲခေါ်ယူခဲ့တာလဲ မဟုတ်ပါဘူး။

"မတရားမှုသည် ဥပဒေဖြစ်လာသောအခါ တော်လှန်ပုန်ကန် ြ ခင်းသည်တာဝန်တရပ်ဖြစ်လာသည်"ဆိုတဲ့ ဥပဒေသအတိုင်း (၁၉၇၆) ခုနှစ်၊ တောင်အာဖရိက လူထုအရေးတော်ပုံကြီးက ရုတ်ခြည်းထဖြစ်သွားခဲ့တာပါ။ အစိုးရက လူမည်းကျောင်းသားတွေကို လူဖြူ Boers တွေရဲ့ဘာသာစကားကို အတင်းအကြပ် သင်ခိုင်းပါတယ်။ ဒါကို မကျေနပ်တဲ့ ကျောင်းသားတွေကဆန္ဒပြကြပါတယ်။ လုံခြုံရေးတပ်တွေကြောင့် ကျောင်းသားလေးတယောက် သေသွားပါတယ်။ ဒါကို မကျေနပ်တဲ့အတွက် Soweto မှာ အဓိကရုဏ်းဖြစ်ပြီး၊ တနိုင်ငံလုံးကိုပျံ့နှံ့သွားခဲ့တာဖြစ်ပါတယ်။ နှစ်နှစ်ကျော် ကြာအောင် ဖြစ်ပွားခဲ့တဲ့ ဒီလူထုအရေးတော်ပုံကြီးမှာ လူပေါင်း တသောင်းကျော်ခန့် သေဆုံးခဲ့ပါတယ်။

ဒီလူထု အရေးတော်ပုံကြီးဟာ တောင်အာဖရိက နိုင်ငံရေးသမိုင်းမှာတော့ သမိုင်းတကွေ့ကို ချိုးပစ်လိုက်ပါတော့တယ်။ ထောင်ထဲကို ရောက်သွားတဲ့ မျိုးဆက်သစ်ခေါင်းဆောင်တွေနဲ့ မျိုးဆက်ဟောင်းခေါင်းဆောင်တွေထောင်ထဲမှာ ပေါင်းစည်းမိ သွားကြပါတယ်။ထောင်ပေါင်းများစွာသော လူတွေက ထွက်ပြေးတိမ်းရှောင်ပြီး အေအင်စီနဲ့ ပီအေစီအဖွဲ့တို့ရဲ့ military wing တွေမှာ ပူးပေါင်းဆောင်ရွက်လာကြပါတယ်။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ မျိုးဆက်သစ်တွေ ထပ်ပြီးပေါ် ထွက်လာပါတယ်။

(၁၉၈၃)မှာအစိုးရကဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲပြဋ္ဌာန်းပြီး၊ လူထုရဲ့တိုက်ပွဲရေချိန်ကို လျှော့ချဖို့နဲ့တော်လှန် ဆန့်ကျင်သူတွေကို ဖြိုခွဲဖို့ကြိုးစားပါတယ်။ ဒါပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ရွေးကောက်ပွဲကို ညီညီညာညာ ဆန့်ကျင်ခဲ့ကြတာကြောင့် အစိုးရစိတ်တိုင်းကျ မဖြစ်ခဲ့ပါဘူး။ အထိနာစေခဲ့ပါတယ်။ (၁၉၈၅) ခုနှစ်မှာ The Sharpeville Massacre နှစ်ဆယ့်ငါးနှစ်မြောက် နှစ်ပတ်လည်ကို လူထုလှုပ်ရှားမှုအသွင်နဲ့ကျင်းပကြတာကြောင့် အစိုးရက နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေငြာလိုက်ရပါတော့တယ်။

ဒီအခါမှာ လူပေါင်းနှစ်သန်းကျော်ကို ကိုယ်စားပြုတဲ့ အဖွဲ့အစည်းခုနစ်ထောင်ကျော်က နိုင်ငံရေးအန်တုမှု လှုပ်ရှားမှုကြီးကိုစတင်ကြပါတော့တယ်။ ဒီအဖွဲ့အစည်း ခုနစ်ထောင်ကျော်ဟာ Mass Democratic Movement (MDM ခေါင်းစီးအောက်မှာ လှုပ်ရှားခဲ့ကြပါတယ်။ တိုက်ပွဲမရှိပဲ တပ်ပေါင်းစုတွေ ဖွဲ့လိုက်၊ ကွဲလိုက်၊ ပြိုလိုက်၊ ပြန်တည်ထောင်လိုက်နဲ့ သံသရာလည်နေတာထက်စာရင် ဒီလို တိုက်ပွဲရှိချိန်မှာ ကိုယ့်အဖွဲ့အစည်း၊ သူ့အဖွဲ့အစည်းစတာတွေကို ခေါင်းစီးမတင်ပဲ တပ်ပေါင်းစုလှုပ်ရှားမှုသဏ္ဍာန် ခေါင်းစီးကြီးတခု အောက်မှာ ညီညွတ်ရေးဖြစ်တည်လာတာက ပိုပြီးထိရောက်မှုရှိတယ်ဆိုတာ တောင်အာဖရိကရဲ့ MDM လှုပ်ရှားမှုကြီးက သက်သေပြခဲ့ပါတယ်။

ဒီလို လှုပ်ရှားမှုကြီး အရှိန်ကောင်းလာတာနဲ့အမျှ အစိုးရဆီမှာ အာဏာရှိတာနဲ့စစ်တပ်ကို ထိန်းချုပ်ထားနိုင်ရုံက လွဲလို့ ဘာမှမကျန်တော့ပါဘူး။ ပြည်တွင်းပြည်ပ legitimacy မရှိပါဘူး။ အစိုးရဆန့်ကျင်သူတွေဘက်မှာတော့ အများပြည်သူရဲ့ ထောက်ခံအားပေးမှု၊ နိုင်ငံတကာ အသိအမှတ်ပြုမှု၊ အောင်ပွဲကို မဆောင်ကျဉ်းနိုင်ပေမယ့် အရှိန်တခုရှိတဲ့ လက်နက်ကိုင်တော်လှန်ရေး၊ အစိုးရဘက်က နှိမ်နင်းသမျှ ဖိလေကြွလေဖြစ်လာတဲ့ရေရှည်ရပ်တည်နိုင်သောတပ်ပေါင်းစုလှုပ်ရှားမှုကြီး၊ ငွေကြေးတွေ၊ အာဏာတွေနဲ့ သွေးဆောင်ဖြားယောင်းလို့မရနိုင်တဲ့ခေါင်းဆောင်များရဲ့တော်လှန်စိတ်ခိုင်မာမှုစတာတွေရဲ့အားတွေကို ရရှိနေပြီဖြစ်ပါတယ်။ နှစ်ဘက်စလုံးဟာ ထိပ်တိုက်ရင်ဆိုင်နေပြီး၊ ပါဝါချိန်ခွင်လျှာ ညီလာတဲ့ အခြေအနေဖြစ်လာပါတယ်။

ဒီလိုအခြေအနေမှာ အစိုးရဘက်က မင်ဒဲလားရဲ့ တွေ့ဆုံဆွေးနွေးလိုသော ဆန္ဒရှိမရှိကို ကနဦး အတည်ပြုပါတယ်။ (၁၉၉၀) ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့မှာ မင်ဒဲလားကိုလွှတ်ပေးမည်ဖြစ်ကြောင်းနဲ့ အေအင်စီနှင့် အခြားနိုင်ငံရေး အဖွဲ့အစည်းများကို ban လုပ်ထားခြင်းကို ရုတ်သိမ်းမည် ဖြစ်ကြောင်း အစိုးရဘက်က စတင်ကြေငြာပြီး၊ မင်ဒဲလားကို ဖေဖော်ဝါရီလ (၁၁) ရက်နေ့မှာ လွှတ်ပေးခဲ့ပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

## ဂျပန်အမျိုးသမီး အသတ်ခံရ

**Mizzima । စက်တင်ဘာ ၂၉ ။** ။ မန္တလေးတိုင်း ကျောက်ပန်းတောင်း မြို့နယ်အနီး ဂျပန်နိုင်ငံသူ အမျိုးသမီးတဦးအား အဓမ္မပြုကျင့်၍ သတ်ဖြတ်ခဲ့သည်ဆိုသော သံသယဖြင့် ဆိုင်ကယ် တက္ကစီသမားတဦးကိုဖမ်းဆီးထားသည်ဟု ရဲက ပြောသည်။

"ဂျပန်အမျိုးသမီးက ညောင်ဦးသွားချင်လို့ ဆိုပြီးတော့လိုက်ပို့ရင်းနဲ့ ဆိုင်ကယ်တက္ကစီသမားကနေပြီးတော့ သန့်စင်ခန်းထဲမှာ မုဒိမ်းကျင့်တာပေ့ါနော်။ ဖြစ်တဲ့နေရာက ညောင်ဦးနဲ့ ကျောက်ပန်းတောင်းအစပ်ပေ့ါ" ဟု ကျောက်ပန်းတောင်းမြို့နယ် ရဲစခန်းမှ တာဝန်ရှိသူတဦးက မဇ္ဈိမကိုပြောသည်။ ဗုဒ္ဓဟူးနေ့ နေ့လယ် ၃ နာရီခွဲခန့်က ဂျပန်နိုင်ငံသူမှာ ညောင်ဦးမြို့သို့ လှည့်လည်ကြည့်ရှုရန်အတွက် ဆိုင်ကယ်ငှားစီးလာစဉ် ညောင်ဦးနှင့်ကျောက်ပန်းတောင်းမြို့ကြား အင်းမရွာအနီး၌ အခင်းဖြစ်ပွားခဲ့သည်ဟုဆိုသည်။ အင်းမရွာသားများမှ ယင်းသံသယရှိသူ ဆိုင်ကယ်တက္ကစီ မောင်းသမားကိုမင်းသိုက်ကို ဝိုင်းဝန်းဖမ်းဆီးခဲ့ ခြင်းဖြစ်သည်။

"ရွာသားတွေက ဖမ်းပြီးတော့ ကြိုးနဲ့တုတ်ထားတာ။ ကြိုးနဲ့တုတ်ပြီးမှပဲ ရဲစခန်းကို လှမ်းအကြောင်းကြားတာ။ ရဲစခန်းကလာပြီးတော့ နယ်ထိန်းတယောက်နဲ့ သူနဲ့ကို လက်ထိပ်တွဲချည်ပြီးတော့ ရဲစခန်းကို ပို့တာ။ ရဲတွေ အဲဒီအခင်းဖြစ်တဲ့နေရာကို ရောက်တဲ့အချိန်မှာ အဲဒီအမျိုးသမီးက သေနေပြီ။ ဓါးနဲ့ထိုးသတ်တာ" ဟု အင်းမရွာမှ ထမင်းဆိုင်ပိုင်ရှင် တဦးက မဇ္ဈိမကို ပြောသည်။

ကိုမင်းသိုက်ကို ကျောက်ပန်းတောင်းမြို့နယ် ရဲစခန်းတွင် ပုဒ်မ ၃၀၂၊ လူသတ်မှုဖြင့် အမှုဖွင့်ထားပြီး သေဆုံးသူ၏ နောက်ကြောင်းနှင့်ပတ်သက်၍ ဆက်လက် စုံစမ်းနေဆဲဖြစ်သည်ဟု ဆိုသည်။

သေဆုံးသွားသူ ဂျပန်အမျိုးသမီးနှင့် ပတ်သက်၍ မည်သူမည်ဝါဖြစ်ကြောင်းကို ရဲစခန်းမှ အတည်မပြုနိုင်သေးသော်လည်း AFPသတင်းတရပ်တွင်မူ မစ္စစ် Chiharu Shiramatsu ဖြစ်သည်ဟု ဖော်ပြထားပြီး အသက် ၃၁ နှစ်အရွယ်ရှိသည်။

## စီမံကိန်းကိစ္စတိုင်ပင်သင့်ဟု တရုတ်ဆို

**BBC । အောက်တိုဘာ ၀၁ ။** ။ မြန်မာသမ္မတက တရုတ်နဲ့ဖက်စပ်ရေကာတာဆောက်နေတဲ့ စီမံကိန်းကို ရပ်ဆိုင်းထားလိုက်တာနဲ့ပတ်သက်ပြီး အဲဒီမှာပါဝင် ဆောက်ရွက်နေတဲ့ ကုမ္ပဏီတွေရဲ့ အကျိုးစီးပွားကို အလေးထားဖို့တရုတ်က မြန်မာဘက်ကို ပြောပါတယ်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဒီစီမံကိန်းမှာ ၂ ဘက်စလုံးက ရင်းနှီးမြုပ်နှံထားပြီးဖြစ်တဲ့အတွက် အပြောင်းအလဲတွေလုပ်လာမယ်ဆိုရင်လဲ ရင်းရင်းနှီးနှီးနဲ့တိုင်တိုင်ပင်ပင် လုပ်ဖို့သင့်တယ်လို့ဆိုပါတယ်။

မြန်မာသမ္မတကြီး ဦးသိန်းစိန်က မြန်မာပြည်သူပြည်သားတွေရဲ့ ဆန္ဒအတိုင်း ပြီးခဲ့တဲ့ သောကြာနေ့က ဒီ ၃.၆ ဘီလီယံ ဒေါ်လာတန်ဘိုးရှိတဲ့ စီမံကိန်းကို သူ့သက်တမ်းအတွင်း ရပ်ဆိုင်းထားမယ်လို့ဆိုပါတယ်။ ဒီလို ဆုံးဖြတ်လိုက်တာကို မြန်မာနိုင်ငံအတွင်းက သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းရေးအတွက် ကြိုးပမ်းနေကြသူတွေနဲ့နိုင်ငံရေးလှုပ်ရှားသူတွေအကြားမှာ ရှားရှားပါးပါးအောင်မြင်မှုတရပ်အဖြစ်ကြိုဆိုလိုက်ကြပါတယ်။

ဒီလို မြစ်ဆုံရေကာတာ စီမံကိန်းကို ရပ်နားထားလိုက်ပေမယ့် တရုတ်ဘက်ကတော့ ဘာမှ ထိခိုက်မှုရှိမှာမဟုတ်ဘူးလို့တရုတ်မြန်မာအရေးကိစ္စတွေကို လေ့လာနေတဲ့ ဗမာပြည် ကွန်မြူနစ်ပါတီ က ဒေါက်တာလှကျော်ဇောက သုံးသတ်ပါတယ်။

တရုတ်က စွမ်းအင် အရံအင်အားအတွက်လဲ အများကြီးစုဆောင်းထားပြီး ဖြစ်ကြောင်းနဲ့ရေရှည် သေနင်္ဂဗျူဟာအရ အဆက်မပြတ် စွမ်းအင်ရနေနိုင်ရေးအတွက် အရေး အကြောင်းမှာ မလက္ကာရေလက်ကြားပိတ်သွားခဲ့ရင် သူ့ရဲ့ စက်မှု လုပ်ငန်းကြီးတခုလုံးမရပ်သွားနိုင်အောင် အနောက် ပေါက်ကို ဖွင့်ထားတာသာဖြစ်ကြောင်းနဲ့ အခုကိစ္စမှာလဲ အများအပြားတည်ဆောက်မဲ့ အထဲကမှ မြစ်ဆုံတခုပဲရပ်မှာဖြစ်တဲ့အတွက် အဲဒီအတွက် ကျန်တဲ့ဘက်က လှည့်ယူသွားမှာ ဖြစ်ကြောင်း သုံးသတ် ပြောကြားသွားပါတယ်။

## ပြည်တွင်းစစ်ရပ်စဲရေး ကုလပါဝင်ဖြေရှင်းပေးဖို့ KIO ဘန်ကီမွန်းထံစာပို့

**RFA । စက်တင်ဘာ ၂၇ ။** ။ မြန်မာနိုင်ငံမှာဖြစ်ပွားနေတဲ့ ပြည်တွင်းစစ် ရပ်စဲနိုင်ရေးအတွက် ကုလသမဂ္ဂအနေနဲ့ ပါဝင်ဖြေရှင်း ပေးဖို့ တနင်္လာနေ့က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံ KIO အဖွဲ့ကပေးပို့တဲ့စာမှာ ဖော်ပြထားပါတယ်။

ဒီစာကို KIO အဖွဲ့ ဥက္ကဌ ဦးဇောင်းဟရားက လက်မှတ်ရေးထိုးထားတာဖြစ်ပြီး၊ KIO အဖွဲ့အနေနဲ့ ကုလသမဂ္ဂကို ပထမဆုံးအကြိမ် စာရေးသားတာဖြစ်တယ်လို့ ဆိုပါတယ်။ စာမျက်နှာ ၅မျက်နှာပါ ဒီစာမှာ မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင်က အခြေအနေများ၊ ပင်လုံညီလာခံ သဘောတူညီချက်များ အပြင် ခေတ်အဆက်ဆက် တိုင်းရင်းသားတွေ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို တင်ပြထားပါတယ်။ ဒီစာဟာ မြန်မာနိုင်ငံက ပကတိအခြေအနေကို နိုင်ငံတကာက သိရှိအောင် တင်ပြရခြင်းဖြစ်တယ်လို့ KIO အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးလနန်းက ပြောပါတယ်။

တဆက်တည်း လွန်ခဲ့တဲ့ လေးရက်ကစပြီး ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်၊ တာမိုးညဲ၊ နမ္မတူစတဲ့ မြို့နယ်တွေမှာ ဖြစ်ပွားနေတဲ့စစ်ပွဲတွေမှာ ဒီကနေ့မနက်ပိုင်းအထိ အစိုးရတပ်တွေက လက်နက်ကြီးတွေဆက်တိုက်ပစ်ပြီး ထိုးစစ်ရှိန်ကိုမြှင့်တင်နေတယ်လို့ဆိုပါတယ်၊မနေ့က အထိရရှိတဲ့ အကျအဆုံးထိခိုက်မှုကို ဦးလနန်းကပြောပြပါတယ်။

"ထိခိုက်မှုကတော့ ကျနော်တို့ KIA မှာ ဗိုလ်တစ်ယောက်ကျတယ်။ နှစ်ယောက် ဒဏ်ရာရတယ်။ ဒါကျနော်တို့ မနေ့ကရတဲ့ သတင်းပေ့ါ။ ကျနော်တို့ တပ်ရင်း ၈ ဘက်မှာတော့ ကျနော်တို့ ကချင်တပ်နဲ့ မဟာမိတ် SSA တပ်နဲ့ပေါင်းပြီး စစ်ဆင်ရေးလုပ်တာရှိတယ်။ SSA မဟာမိတ်တပ်ဘက်က ရဲဘော် သုံး လေးယောက် ကျသွားတာရှိတယ်။

**စာမျက်နှာ ၁၉ သို့**

# ကရင်အမျိုးသားအစည်းအရုံးက ပြည်ထောင်စုအစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးလို

**VOA । အောက်တိုဘာ ၀၂ ॥** ॥ကရင်အမျိုးသားအစည်းအရုံး KNU က ငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုအစိုးရနဲ့သာ တိုက်ရိုက် ဆွေးနွေးနိုင်မယ်လို့ ပြောပါတယ်။ ဒီလို ဆွေးနွေးမယ်ဆိုရင်တောင် တစ်ဖွဲ့တည်း ဆွေးနွေးတာမျိုး လက်မခံဘဲ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေ ပူးပေါင်းဖွဲ့စည်းထားတဲ့ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖယ်ဒရယ်ကောင်စီ UNFC အနေနဲ့သာ ဆွေးနွေးမယ်လို့ ဆိုလိုက်ပါတယ်။ မကြာခင်ကပဲ KNU ကို ငြိမ်းချမ်းရေးစကားပြောဖို့ အစိုးရဘက်က ကမ်းလှမ်းခဲ့တဲ့အပေါ် KNU က အခုလို တုံ့ပြန်လိုက်တာ ဖြစ်ပါတယ်။ အပြည့်စုံကို မသီဂီထိုက်က တင်ပြထားပါတယ်။

မကြာခင်ရက်ပိုင်းက မြန်မာအစိုးရရဲ့ ငြိမ်းချမ်းရေးကိုယ်စားလှယ် အဖွဲ့ ကရင်အမျိုးသားအစည်းအရုံး KNU ကို ငြိမ်းချမ်းရေးဆွေးနွေးဖို့သွားရောက်တွေ့ဆုံကမ်းလှမ်းခဲ့တာပါ။ KNU အနေနဲ့အစိုးရသစ်နဲ့ ငြိမ်းချမ်းရေးဆွေးနွေးလိုရင် ကရင်ပြည်နယ်အစိုးရနဲ့ဆက်သွယ်ဆောင်ရွက်ဖို့လည်းကမ်းလှမ်းခဲ့တာဖြစ်ပါတယ်။KNU ဘက်ကတော့တန်းတူညီမျှရေးနဲ့ ငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုအစိုးရနဲ့ပဲ တိုက်ရိုက် ဆွေးနွေးနိုင်မယ့်အကြောင်းနဲ့ KNU တဖွဲ့တည်းမဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၆ ဖွဲ့နဲ့ ဖွဲ့စည်းထားတဲ့ ညီညွတ်သောတိုင်းရင်းသားများ ဖယ်ဒရယ်ကောင်စီ UNFC အနေနဲ့ပဲ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲလုပ်ဆောင်နိုင်မယ့်အကြောင်း အကြောင်းပြန်လိုက်တယ်လို့ KNU ရဲ့ တွဲဖက်အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးစောလှငွေက ပြောဆိုလိုက်ပါတယ်။

"ကျနော်တို့ ဒီဘက်မှာ အတူရပ်တည်နေကြတဲ့ UNFC နဲ့ ပြောကြဆိုကြတဲ့အတိုင်း ကျနော်တို့က နိုင်ငံရေးအရပဲ ဆွေးနွေးချင်တယ်။ ဗဟိုအစိုးရနဲ့ပဲ ကျနော်တို့ ဆွေးနွေးမယ်။ ဒီလိုမျိုး အဆင့်နဲ့မလုပ်ဘူး ဆိုတာကိုတော့ ကျနော်တို့ ပါးစပ်နဲ့ပဲ ပြောလိုက်တယ်။"

မြန်မာအစိုးရနဲ့ လွန်ခဲ့တဲ့နှစ်ကာလတွေအတွင်း ငြိမ်းချမ်းရေး ဆွေးနွေးမှုတွေကနေ တိုင်းရင်းသားတွေ အမှန်တကယ် တောင်းဆိုတာတွေ မရခဲ့ဘူးလို့လည်း KNU က ပြောဆိုပါတယ်။ မြန်မာအစိုးရဟာ တိုင်းရင်းသားတွေကို တန်းတူညီမျှရေး အနေအထားမျိုးနဲ့မဟုတ်ဘဲ လက်နက်စွန့်စေလိုတဲ့သဘောထားမျိုး အစဉ်အဆက် လုပ်ဆောင်ခဲ့တယ်လို့လည်း ဗိုလ်မှူးစောလှငွေက ပြောဆိုပါတယ်။

"ကျနော်တို့ရဲ့ ဖြတ်သန်းချက်တွေအရ လေးငါးကြိမ်လောက်၊ ကျနော်တို့ သမိုင်းတလျှောက်လုံးမှာ ဆွေးနွေးခဲ့တဲ့ ကျနော်တို့ရဲ့ အတွေ့အကြုံတွေအရဆိုရင်တော့ ကျနော်တို့ ရည်မှန်းချက်မပေါက်ဘဲနဲ့ ကျနော်တို့လိုချင်တဲ့ အပြန်အလှန် လေးစားရေးအပေါ်မှာ နိုင်ငံရေး ပြဿနာကိုဆွေးနွေးတာမျိုးထက် အင်အားကြီးတဲ့လက်ရှိ အာဏာရထားတဲ့အစိုးရတွေကနေပြီးတော့ သူတို့ကိုင်ထားတဲ့ ဥပဒေဘောင်အတွင်းကနေပြီးတော့ သူတို့အကြိုက်လိုက်ပြီးတော့၊ နောက်ဆုံးပြောရမယ်ဆိုရင် လက်နက်ချရေးကိုပဲ ဦးတည်သွားတာတွေက များတဲ့အခါကျတော့ နိုင်ငံဆွေးနွေးတဲ့ဆီကို ကျနော်တို့ တခါမ မရောက်ခဲ့ဘူး။"

ကရင်ပြည်နယ် ငြိမ်းချမ်းရေးအတွက် KNU ကို ငြိမ်းချမ်းရေး စကားပြောဖို့ ကမ်းလှမ်းနေတဲ့ တချိန်တည်းမှာပဲ တိုင်းရင်းသားဒေသတွေမှာ မြန်မာစစ်တပ်တွေရဲ့ စစ်ရေးပြင်ဆင်မှုတွေ၊ အင်အားဖြည့်တင်းမှုတွေ ဆက်တိုက်ဆိုသလို ရှိနေတယ်လို့လည်း KNU က ပြောဆိုလိုက်ပါတယ်။

လအတော်ကြာ မြန်မာအစိုးရတပ်တွေနဲ့ တိုက်ပွဲဖြစ်ပွားနေတဲ့ ကချင်လွတ်မြောက်ရေးတပ်မတော် KIA နဲ့လည်း ရွှေ့တန်းစစ်မျက်နှာမှာ နေ့စဉ်ဆိုသလို ကြိုကြားတိုက်ပွဲတွေ ဖြစ်ပွားနေဆဲဖြစ်ပါတယ်။ ဒါ့အပြင် KIO ဌာနချုပ် လိုင်ဇာဘက်ကိုလည်း မြန်မာစစ်တပ်က စစ်အင်အားဖြည့်တင်းမှုတွေ လုပ်ဆောင်နေတယ်လို့ KIO က ကိုဟင်နရီက အခုလိုပြောပါတယ်။

"မနေ့ကအထိတော့ အင်အား ၃ ထောင်ကျော်ပြီ။ ဒီ လိုင်ဇာဘက်ကို ဦးတည်လာတဲ့ စစ်ကြောင်းတွေပေါ့။ သူတို့ မြစ်ကို ကျော်နေပြီ။ လိုင်ဇာကိုတော့ မရောက်သေးဘူး။ ထိန်ညောင်ပင် တဝိုက်နဲ့တောထဲမှာ သူတို့ တပ်အင်အားဖြန့်ထားတယ်လို့ပြောတယ်။ လိုင်ဇာနဲ့ ဘယ်လောက်ဝေးလဲဆိုတော့ မြစ်ကြီးနားနဲ့ လိုင်ဇာနဲ့ အလယ်ခေါင်လောက်မှာကျတယ်။"

တိုင်းရင်းသား အပစ်ရပ်အဖွဲ့ ဝ ပြည်သွေးစည်း ညီညွတ်ရေးတပ်မတော် UWSA နဲ့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်တွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ်တွေလည်းဒီရက်ပိုင်းအတွင်းမှာပဲ ငြိမ်းချမ်းရေးတွေ့ဆုံ ဆွေးနွေးခဲ့ကြပါသေးတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကတော့ မြန်မာအစိုးရဟာနိုင်ငံ ရေးအရ ငြိမ်းချမ်းရေးစကားပြောဆိုဖို့ ကမ်းလှမ်းနေတဲ့ တချိန်တည်းမှာပဲတိုင်းရင်းသားဒေသတွေမှာ စစ်ရေးအရလည်း အရှိန်မြှင့်ဆောင်ရွက်နေတာတွေကြောင့် စစ်မှန်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှု အမှန်တကယ် ဖော်ဆောင်နိုင်ပါ့မလားဆိုတာကို သတိထား စောင့်ကြည့်နေကြရတယ်လို့ ပြောဆိုကြပါတယ်။

---

**စာမျက်နှာ ၁၈ မှ**

အစိုးရဘက်မှာတော့ ထိခိုက် ဒဏ်ရာရတာများတယ် ဒါပေမယ့် ဘယ်လောက်များတယ် ဆိုတာတော့ ကျနော်တို့ မသိပါဘူး"

တပ်မဟာ၄ တပ်ရင်း ၈ နယ်မြေတွေဖြစ်တဲ့ နမ္မတူနဲ့ နန့်ဆန်ဒေသတွေမှာ KIO တပ်တွေနဲ့ လက်တွဲပြီး SSA တပ်တွေ ပါဝင် တိုက်ခိုက်တယ်လို့ သိရပါတယ်။

လတ်တလောအနေနဲ့ တပ်မဟာ၄ တပ်ရင်း ၈၊ ၉ အပါအဝင် တပ်ရင်းတွေရဲ့ နောက်တန်းရုံးတွေကို ဖျက်သိမ်းလိုက်ပြီး ပြောက်ကျားစနစ်နဲ့ ခုခံနေတယ်လို့ သိရပါတယ်။

---

**အချုပ်အချာ အာဏာကို ပြည်သူသာ ပိုင်ရမည်**

## ဒေါ်စုနဲ့ ဦးအောင်ကြည် လွတ်ငြိမ်းချမ်းသာခွင့်၊ လက်နက်ကိုင်အဖွဲ့များနဲ့ ငြိမ်းချမ်းရေးကိစ္စရပ်များ ဆွေးနွေး

**MIZZIMA ၊ စက်တင်ဘာ ၃၀ ။ ။** လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးနှင့် အစိုးရမှ လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆောင်ရွက်နေသည့် ကိစ္စများကို အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အစိုးရကိုယ်စားလှယ် အလုပ်သမားဝန်ကြီး ဦးအောင်ကြည်တို့ သောကြာနေ့က ဆွေးနွေးခဲ့ကြသည်။

ဦးသိန်းစိန်အစိုးရ တက်လာပြီးသည့်နောက်ပိုင်း တတိယ အကြိမ်မြောက် ဆွေးနွေးမှုဖြစ်သော ရန်ကုန်မြို့ စိမ်းလဲ့ကန်သာအစိုးရဧည့်ရိပ်သာတွင် ၇၇ မိနစ်ကြာ တွေ့ဆုံဆွေးနွေးအပြီး နှစ်ဦး အတူတကွ သတင်းစာရှင်းလင်းပွဲလုပ်ရာတွင် ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

ထို့အပြင် ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းရေးကို နှစ်ဘက် ပူးပေါင်း ဆောင်ရွက်နိုင်ရေးနှင့် ပြည်တွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက်လည်း ဆွေးနွေးခဲ့သည်ဟု ပါရှိသည်။ နှစ်ဘက် ဆက်လက်၍လည်း ဆွေးနွေးမှုပြုလုပ်သွားမည်ဟု ကြေညာသွားသည်။

မြစ်ဆုံဆည်စီမံကိန်းကို သူ၏အစိုးရသက်တမ်းအတွင်းရပ်ဆိုင်းထားမည်ဆိုသော သမ္မတဦးသိန်းစိန်၏လုပ်ရပ်ကို ကြိုဆိုကြောင်း အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။

"ပြည်သူရဲ့အသံကို နားထောင်တယ်ဆိုတာ အင်မတန်ကောင်းပါတယ်။ ဒီဟာ အစိုးရတိုင်း လုပ်ရမယ့်ကိစ္စပါ။ ပြည်သူရဲ့ အသံကို နားထောင်ရမယ်။ ပြည်သူရဲ့ စိုးရိမ်ကြောင့်ကြမှုတွေကို တကယ်ပဲ လေးလေးနက်နက်ထားပြီးတော့ဖြေရှင်းပေးရမယ်။ အဲဒါကြောင့်မို့ ကျမဒါကို ကြိုဆိုပါတယ်" ဟုသတင်းစာဆရာများကိုပြောသွားသည်။

ယနေ့အစောပိုင်းက နေပြည်တော်တွင်ပြုလုပ်နေသော လွှတ်တော်နှစ်ရပ်သို့သမ္မတဦးသိန်းစိန်ကသဝဏ်လွှာတစောင်ပေးပို့ရာတွင် ပြည်သူအများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမည့် စိုးရိမ်နေမှု ရှိသည်ကို ထောက်ပြပြီး မြစ်ဆုံဆည် တည်ဆောက်ခြင်းကို မပြုလုပ်စေဘဲ ရပ်ဆိုင်းထားမည်ဟု ပါရှိသည်။

တရုတ်နိုင်ငံနှင့်ချုပ်ဆိုထားသော စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၆,၀၀၀ ရှိ မြစ်ဆုံ ရေအားလျှပ်စစ် စီမံကိန်းပေါ် မိတ်ဝတ်မပျက်စေဘဲ သဘောတူလက်ခံညှိနှိုင်းဆောင်ရွက်သွားမည်ဟုလည်း ပါရှိသည်။

သမ္မတ၏ဆုံးဖြတ်ချက်အပေါ် ကြိုဆိုမှုများလည်း အင်တာနက်တွင် တပါတည်းပေါ်ထွက်လာခဲ့သည်။ လွှတ်တော် အပြင်ဘက် အဓိက အတိုက်အခံဖြစ်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ ကြားဖြတ်ရွေးကောက်ပွဲဝင်လိုမှု ရှိ မရှိ ဆိုသောအမေးကို လူမှုဝန်ထမ်းဝန်ကြီးလည်းဖြစ်သော ဦးအောင်ကြည်က အန်အယ်ဒီအနေဖြင့် နိုင်ငံရေးပါတီမှတ်ပုံတင်လျှင် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဖြေကြားသည်။

၁၄ နှစ်ကျော် နေအိမ်အကျယ်ချုပ်သို့မဟုတ် အချုပ်အနှောင်ဖြင့် နေခဲ့ရသော ဒေါ်အောင်ဆန်းစုကြည်ကတော့ ပါတီထိပ်တန်းခေါင်းဆောင်များကိုတင်ပြပြီးမှသာ အဖြေပေးနိုင်မည်ဟုဖြေကြားပါသည်။

"ကျမတို့က ရွေးကောက်ပွဲကို မူအရဆန့်ကျင်တာ မဟုတ်ပါဘူး။ ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီစနစ်အတွက် တစိတ်တပိုင်းဖြစ်တယ်ဆိုတာ ကျမတို့လက်ခံပြီးသားပါ။" ဟု ဆက်လက်ပြောဆိုသွားသည်။

Voice of Burma


**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**



**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**